INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

# ဖွဲ့စည်းပုံအခြေခံဥပဒေ စာတမ်းတို

၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ

# ဝန်ကြီးများသည် ဥပဒေပြုလွှတ်တော် ကိုယ်စားလှယ်များ ဖြစ်သင့်ပါသလား။

*ရေးသားပြုစုသူ - W. Elliot Bulmer*


### စာရေးသူအကြောင်း

Elliot Bulmer သည် International IDEA ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း လုပ်ငန်းစဉ်များ အစီအစဉ်၏ အကြီးတန်းအစီအစဉ်အရာရှိတစ်ဦး ဖြစ်ပါသည်။ Glasgow တက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိထားပြီး Edinburgh တက္ကသိုလ်မှ မဟာဘွဲ့ရရှိထားပါသည်။ သူသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အင်စတီကျူးရှင်း ဒီဇိုင်းများ နှိုင်းယှဉ်လေ့လာခြင်းကို အထူးပြုလုပ်ဆောင်ပါသည်။


### International IDEA အကြောင်း

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) သည် ကမ္ဘာတစ်လွှားတွင် ရေရှည်တည်တံ့သော ဒီမိုကရေစီစနစ်ပေါ်ထွန်းရေးကို အထောက်အပံ့ပေးရန် ရည်သန်ဆောင်ရွက်နေသည့် အစိုးရများအကြားချိတ်ဆက်ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

### MyConstitution အကြောင်း

MyConstitution စီမံကိန်းသည် မြန်မာနိုင်ငံရှိ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၏ အဓိကအစိတ်အပိုင်းတစ်ရပ်အဖြစ် ပြည်တွင်း၌ အသိပညာပြည့်ဝသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံရှိ အကျိုးစီးပွားပတ်သက် ဆက်နွယ်သူများ၏ တောင်းဆိုချက်များကို အခြေခံကာ အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းများတွင် ပါဝင်သူများအတွက် ကျွမ်းကျင်ပညာရှင်မှ အကြံပေးဝန်ဆောင်မှုများကိုလည်း ပေးအပ်ပါသည်။ ဤအခြေခံဥပဒေဆိုင်ရာ အနှစ်ချုပ်စာတမ်းများအတွဲအား အဆိုပါ ကြိုးပမ်းအားထုတ်မှု၏ အစိတ်အပိုင်းအဖြစ် ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။ MyConstitution စီမံကိန်းသည် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနှင့် နှိုင်းယှဉ်လေ့လာချက်များမှ ရရှိသည့် အတွေ့အကြုံများကို အခြေခံကာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆက်စပ်သည့် ကိစ္စရပ်ပြဿနာများကို လေ့လာခြင်းနှင့် ဆွေးနွေးပွဲစကားဝိုင်းများပြုလုပ်ခြင်း စသည့် အခွင့်အလမ်းများကိုလည်း ပံ့ပိုးပေးပါသည်။

## ၁။ စာတမ်းအကျဉ်းနှင့် ရည်ရွယ်ချက်

ဤစာစဉ်တွင် အစိုးရ၏ ကွဲပြားခြားနားသည့်စနစ်များအလိုက် ဝန်ကြီးများခန့်အပ်ခြင်းအကြောင်းကိုဆွေးနွေးသွားမည်ဖြစ်သည်။ဝန်ကြီးများသည်ဥပဒေပြုလွှတ်တော်တွင်ရာထူးတာဝန်ထမ်းဆောင်ခွင့် ရှိမရှိဆိုသည့် မေးခွန်းအပေါ် အဓိကထားဆွေးနွေးသွားမည် ဖြစ်သည်။ ဤမှတ်စုသည် မြန်မာနိုင်ငံအတွက် သီးသန့်ရည်ညွှန်း၍ ရေးသားထားခြင်းဖြစ်ပြီး (က) နိုင်ငံတော်အဆင့် ဝန်ကြီးများခန့်အပ်ခြင်း (ခ) ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများခန့်အပ်ခြင်းများကို လေ့လာသွားမည်ဖြစ်သည်။

### ပြဿနာဖြေရှင်းချက်များ

'ဝန်ကြီးများသည် ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သင့်ပါသလား' သို့မဟုတ် အခြားနည်းလမ်းအရ ဆိုပါလျှင် 'ဝန်ကြီး ရာထူးထမ်းဆောင်ခြင်းသည် ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခြင်းနှင့် သဟဇာတ ရှိသင့်ပါသလား' စသည့် မေးခွန်းမှာ နိုင်ငံရေးအင်စတီကျူးရှင်းအဖွဲ့များ ဒီဇိုင်းရေးဆွဲခြင်း (သို့မဟုတ်) ပြောင်းလဲဖွဲ့စည်းခြင်း လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဖြေရှင်းရန် မေးခွန်းများစွာရှိသည့်အနက်မှ မေးခွန်းတစ်ခု ဖြစ်ပါသည်။

- အချို့နိုင်ငံများတွင် ဝန်ကြီးများအား ဥပဒေပြုလွှတ်တော် ကိုယ်စားလှယ်များအတွင်းမှ ရွေးကောက်တင်မြှောက်ကြသည်။ ၎င်းတင်မြှောက်ခြင်းခံရသူများသည် ဝန်ကြီးများအဖြစ်သာမက ဥပဒေပြုလွှတ်တော် ကိုယ်စားလှယ်များအဖြစ်လည်း ဆက်လက်တာဝန် ထမ်းဆောင်ကြပေသည်။ ထို့ကြောင့် ဤအခြေအနေတွင် ဝန်ကြီးရာထူးနှင့် ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်ရာထူးတို့မှာ တစ်ခုနှင့်တစ်ခု ပေါင်းစည်းဆက်စပ်နေသောပုံစံ ရှိနေသည်ဟု ဆိုနိုင်သည်။
- အခြားနိုင်ငံများတွင်မူ ဝန်ကြီးများအား သာမန်အားဖြင့် ဥပဒေပြုလွှတ်တော်ပြင်ပမှ ရွေးချယ်တင်မြှောက်လေ့ရှိကြသည်။ အကယ်၍ ဥပဒေပြုလွှတ်တော် ကိုယ်စားလှယ်များသည် ဝန်ကြီးများအဖြစ် ခန့်အပ်ခြင်းခံရပါက ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ်ရာထူးမှ နုတ်ထွက်ပေးရမည် ဖြစ်သည်။ ဤအခြေအနေတွင်မူ ဝန်ကြီးရာထူးနှင့် ဥပဒေပြု လွှတ်တော်ကိုယ်စားလှယ် ရာထူးတို့မှာ ဆက်စပ်မှုမရှိပဲ တစ်သီးတစ်ခြားစီ တည်ရှိနေသည်ဟု ဆိုနိုင်သည်။

> ပုံမှန်အားဖြင့် (နိုင်ငံတိုင်း ကျင့်သုံးခြင်း မဟုတ်သော်လည်း) ပါလီမန်စနစ်တွင် ဝန်ကြီးများအား လွှတ်တော်ကိုယ်စားလှယ်များအနက်မှ ရွေးချယ်ခြင်းဖြစ်ပြီးတို့သည် ဝန်ကြီးများအဖြစ် တာဝန်ထမ်းနေစဉ်ကာလတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သည်။

အထက်ပါ ပေါင်းစည်းဆက်စပ်နေသော ပုံစံနှင့် တစ်သီးတစ်ခြားစီရှိသော ပုံစံတို့ (၂)မျိုးလုံးတွင် သက်ဆိုင်ရာကောင်းကျိုးများနှင့် ဆိုးကျိုးများ ရှိကြပေသည်။ သို့ရာတွင် အဆိုပါကောင်းကျိုးဆိုးကျိုးတို့မှာ အစိုးရ၏ ဖွဲ့စည်းပုံအခြေအနေ၊ နိုင်ငံရေးအခြေအနေတို့ ပေါ်မူတည်၍ ကွဲပြားမည်ဖြစ်ပေသည်။

### ပညာရပ်ဆိုင်ရာ စကားရပ်မှတ်စု

ပညာရပ်ဆိုင်ရာ စကားရပ်များသည် နိုင်ငံများအကြား ကွဲပြားမှုရှိပါသည်။ ရှုပ်ထွေးမှုကို ရှောင်ရှားရန်အလို့ငှာ ဤစာစဉ်တွင် ဖော်ပြထားသည့် 'ဝန်ကြီး' ဟူသည့် စကားရပ်သည် ယေဘုယျအားဖြင့် အစိုးရအဖွဲ့ဝင် ဖြစ်သည်ဖြစ်စေ မဖြစ်သည်ဖြစ်စေ မည်သည့်ရာထူးအဆင့်ဖြင့်မဆို ဝန်ကြီးဌာနရုံးအား တာဝန်ယူကြီးကြပ်ရသည့် ပုဂ္ဂိုလ်များအားလုံးကို ရည်ညွှန်းသည်။ အခြားသော နိုင်ငံများတွင် ('အတွင်းရေးမှူး' သို့မဟုတ် အစိုးရအဖွဲ့ဝင်' ကဲ့သို့သော) စကားရပ်များဖြင့်လည်း သုံးနှုန်းလေ့ရှိကြသည်။ ထို့အတူပင် ပုံမှန်ကျင်းပသည့် ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်အားလုံးအတွက် ဥပဒေပြုလွှတ်တော်နှင့် ပါလီမန်ဆိုသည့် စကားရပ်များကိုလည်း ယေဘုယျအားဖြင့် ဖလှယ်၍ အသုံးပြုထားသည်။

### ဖွဲ့စည်းတည်ဆောက်ပုံ

အခန်း (၂) တွင် မတူညီကွဲပြားသည့် အစိုးရစနစ်များတွင် ဝန်ကြီးများ ခန့်အပ်ခြင်းဆိုင်ရာ ကိစ္စရပ်နှင့် ပတ်သက်၍ အချို့သော ယေဘုယျ အခြေခံသဘောတရားများကို ဆွေးနွေးသွားပါမည်– ဥပမာ ပါလီမန်စနစ် သို့မဟုတ် သမ္မတစနစ်။ အခန်း (၃)နှင့် (၄) တို့တွင် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေး မဏ္ဍိုင်တို့အကြား အာဏာမျှခြေရှိမှုနှင့် ဆက်နွယ်မှု၊ ကောင်းမွန်သည့် အုပ်ချုပ်မှုနှင့် တာဝန်ခံမှုတို့အပေါ် အဓိကအခြေခံ၍ ဝန်ကြီးများခန့်အပ်ခြင်းဆိုင်ရာ နည်းဥပဒေများဖြစ်သော 'တာဝန်များ ပေါင်းစည်းဆက်စပ်နေသောပုံစံ' နှင့် 'တာဝန်များ တစ်သီးတစ်ခြားစီရှိသောပုံစံ' အသီးသီးကို လေ့လာသွားပါမည်။ အခန်း(၅) တွင် အချို့သော အင်စတီကျူးရှင်းဆိုင်ရာနှင့် ရေခံမြေခံဆိုင်ရာ အနေအထားများကို ထည့်သွင်းစဉ်းစားခြင်းကို ဆွေးနွေးသွားပါမည်။ ထိုဆွေးနွေးမှုတွင် လွှတ်တော်နစ်ရပ်စနစ်၊ ဝန်ကြီးများ အရေအတွက်အပေါ် ကန့်သတ်ချက်၊ ပါတီစနစ်နှင့် နိုင်ငံရေးသမားများ၏ လုပ်ငန်းလမ်းကြောင်းများ အကြောင်းလည်း ပါဝင်ပါမည်။ အခန်း(၆) တွင် မြန်မာနိုင်ငံရှိ ထူးခြားသည့် 'လွှတ်လပ်ပြီးအမှီအခိုကင်းသည့် လွှတ်တော်' ပုံစံ အစိုးရစနစ် (သမ္မတအား ဥပဒေပြုလွှတ်တော်မှ ရွေးကောက်တင်မြှောက်ခြင်းဖြစ်သော်လည်း ၎င်းသည် ဥပဒေပြုလွှတ်တော်တာဝန်များနှင့် နိုင်ငံရေးအရ သက်ဆိုင်ခြင်းမရှိပေ)၊ တပ်မတော်၏ အခန်းကဏ္ဍနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်မှု စနစ်များအကြောင်းကို ထင်ဟပ်စေသည့် မြန်မာနိုင်ငံဆိုင်ရာ သီးသန့်ဆွေးနွေးမှုများ ပါဝင်မည်။

## ၂။ ဝန်ကြီးများခန့်အပ်ခြင်းနှင့် အစိုးရစနစ်များ

### အစိုးရစနစ်များ

အစိုးရစနစ်များတွင် အဓိက ဒီမိုကရေစီဆိုင်ရာ စနစ်ကြီးသုံးခု ရှိသည်။ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့အကြား ဆက်နွယ်မှုများအပေါ် မူတည်၍ အနက်ဖွင့်ဆိုကြသည့် ပါလီမန်စနစ်များ၊ သမ္မတစနစ်များနှင့် အမျိုးအစားကွဲပြားခြားနားသည့် ပေါင်းစပ်သမ္မတတစ်ပိုင်းစနစ်ဟူ၍ ဖြစ်ပါသည်။

- ပါလီမန်စနစ်တွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ၌ အမှန်တကယ် တာဝန်ရှိသည့် အကြီးအကဲတစ်ဦးအား ပါလီမန်ကိုယ်စားလှယ်အများစု၏ (နိုင်ငံရေး ထောက်ခံမှု) အယုံအကြည်ရှိမှုအပေါ်အခြေခံ၍ ရွေးကောက်တင်မြှောက်ထားခြင်းဖြစ်ပြီး ၎င်းအား ပါလီမန်မှပင် အယုံအကြည်မရှိ မဲဖြင့် တာဝန်မှရပ်စဲနိုင်သည်။ ပုံမှန်အားဖြင့် ယင်းစနစ်တွင် နိုင်ငံတော်၏ ပြရုပ်အဖြစ် သို့မဟုတ် အခမ်းအနားဆိုင်ရာအကြီးအကဲ (Ceremonial) အဖြစ် ခန့်အပ်ထားသော အကြီးအကဲတစ်ယောက်ရှိပြီး ၎င်း၏အာဏာများကို ကန့်သတ်ထားသည်။ ဥပမာ - အိန္ဒိယ၊ မလေးရှားနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံများ။

သမ္မတစနစ်များတွင် ဝန်ကြီးများကို သမ္မတမှခန့်အပ်သည်။ ၎င်းတို့သည် သမ္မတအား တာဝန်ခံရပြီး (ဥပဒေပြုလွှတ်တော်ထံတွင် မဟုတ်ချေ) သမ္မတ၏ လက်အောက်ခံများပင် ဖြစ်ပါသည်။

- သမ္မတစနစ်တွင် နိုင်ငံတော်အကြီးအကဲ (နိုင်ငံတော်အကြီးအကဲ၏ အခမ်းအနား ပွဲတက်လုပ်ငန်းဆောင်တာများနှင့် စင်စစ်အာဏာရှိ နိုင်ငံတော်အကြီးအကဲ၏ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းဆောင်တာများကို ပူးပေါင်းဆောင်ရွက်သူ) အား ဥပဒေပြုလွှတ်တော်နှင့် ယှဉ်လျက် သီးခြားဆန္ဒမဲကောက်ခံ၍ ရွေးချယ်တင်မြှောက်ထားခြင်းဖြစ်ပြီး သာမန်အားဖြင့် သမ္မတသည် သတ်မှတ်ထားသော ကာလတစ်ခုအထိ တာဝန်ထမ်းဆောင်ရသည်။ ဤစနစ်တွင် သမ္မတနှင့် ဥပဒေပြုလွှတ်တော်သည် အပြန်အလှန် မှီခိုခြင်းကင်းသည်။ ထို့ကြောင့်ပင် သမ္မတအား ဥပဒေပြုလွှတ်တော်မှ အယုံအကြည်မရှိကြောင်း မဲပေးခြင်းဖြင့် ဖြုတ်ချခွင့်မရှိ။ အလားတူပင် သမ္မတမှလည်း ဥပဒေပြုလွှတ်တော်အား ဖျက်သိမ်းခွင့်မရှိပေ။ ဥပမာ - အမေရိက၊ လိုက်ဘေးရီးယား၊ ကင်ညာနှင့် အင်ဒိုနီးရှား နိုင်ငံများ။
- ပေါင်းစပ်သမ္မတတစ်ပိုင်း စနစ်များသည် စနစ်နှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး တိုက်ရိုက်ရွေးကောက်တင်မြှောက်ထားသည့် သမ္မတသည် ပါလီမန်၏ ထောက်ခံမှုအပေါ် မှီခိုရသည့် ဝန်ကြီးချုပ်နှင့်အတူ တာဝန်ထမ်းဆောင်ခြင်းဖြစ်သည်။ ၎င်းခေါင်းဆောင်နှစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စည်းမျဉ်းများနှင့် နိုင်ငံရေးအရွေ့အပြောင်းများအပေါ်တွင် မူတည်၍ ရှုပ်ထွေးသည့်နည်းလမ်းများဖြင့် အုပ်ချုပ်မှုအာဏာကို မျှဝေပါသည်။

ဤအခန်း၏ ကျန်ရှိနေသောအပိုင်း၌ မြန်မာနိုင်ငံတွင် ဆွေးနွေးလေ့အများဆုံးရှိသော အစိုးရစနစ်များဖြစ်သည့် ပထမစနစ်နှစ်မျိုးကို လေ့လာထားသည်။ မြန်မာနိုင်ငံတွင် လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၎င်းစနစ်များမရှိချေ။ ပညာရပ်ဆိုင်ရာရှုထောင့်အရ မြန်မာနိုင်ငံတွင် ပြည်ထောင်စုအဆင့်၌ အစိုးရစနစ်သည် ‘လွှတ်လပ်သည့် လွှတ်တော်စနစ်’ ဟု မှတ်ယူနိုင်ပါသည်။ ဆိုလိုသည်မှာ နိုင်ငံတော် အကြီးအကဲသည် ဥပဒေပြုရေး (လွှတ်တော်) မှ ရွေးကောက်တင်မြှောက်ထားခြင်းဖြစ်သော်လည်း ရွေးကောက်တင်မြှောက် ခံရပြီးသည့်နောက်တွင် ဥပဒေပြုရေး၏ ထောက်ခံမှု (နိုင်ငံရေးဆိုင်ရာ ဆက်လက်ထောက်ပံ့မှု စသည်) အပေါ် မှီခိုခြင်းမရှိချေ။ သမ္မတစနစ်နှင့် မတူညီသည်မှာ မြန်မာနိုင်ငံတွင် သမ္မတအား လူထုစိတ်ကြိုက် ရွေးကောက်တင်မြှောက်သည့် သီးခြားရွေးကောက်ပွဲမရှိချေ။ ပါလီမန်စနစ်နှင့် မတူညီသည်မှာ အယုံအကြည်မရှိကြောင်း မဲပေးခြင်းဖြင့် နိုင်ငံတော်အကြီးအကဲအား ဖယ်ရှားသည့် လုပ်ထုံးလုပ်နည်းလည်း မရှိချေ။ ၎င်းမှာ ပုံမှန်ထက်ထူးခြားသည့် စနစ်တစ်ခုဖြစ်ပြီး အခြားသော နိုင်ငံများတွင် တွေ့ရခဲပါသည်။ အခန်း(၆) တွင် ဤစနစ်၏ ဝန်ကြီးများခန့်အပ်ခြင်းအပေါ် သက်ရောက်မှုများအကြောင်း ဆွေးနွေးသွားပါမည်။

‘အထက်ပါအစိုးရတစ်ရပ်ချင်းစီ’နှင့် ‘ဝန်ကြီးများသည် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဆက်လက်ရှိနိုင်ခြင်း ရှိမရှိဟူသည့် မေးခွန်း’ တို့အား သိသာထင်ရှားခြင်းမရှိသော သဘောတရားတစ်ခုက ဆက်စပ်ထားသည်။ ပုံမှန်အားဖြင့် (နိုင်ငံတိုင်း ကျင့်သုံးခြင်း မဟုတ်သော်လည်း) ပါလီမန်စနစ်တွင် ဝန်ကြီးများအား လွှတ်တော်ကိုယ်စားလှယ်များအနက်မှ ရွေးချယ်ခြင်းဖြစ်ပြီး ၎င်းတို့သည် ဝန်ကြီးများအဖြစ် တာဝန်ထမ်းနေစဉ်ကာလတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သည်။ သို့သော် သမ္မတစနစ်တစ်ခုတွင် ဝန်ကြီးများအား ဥပဒေပြုလွှတ်တော်ပြင်ပမှရွေးချယ်ပြီး ဝန်ကြီးရာထူးနှင့် လွှတ်တော်ကိုယ်စားလှယ်ရာထူးသည် သီးခြားစီ ရှိလေ့ရှိပါသည်။

## သမ္မတ စနစ်များ

သမ္မတစနစ်များသည် အုပ်ချုပ်ရေးအာဏာကို အင်စတီကျူးရှင်းအားဖြင့်လည်းကောင်း နိုင်ငံရေးအားဖြင့်လည်းကောင်း ဥပဒေပြုရေးအာဏာမှ ခွဲထုတ်ထားသည်။ အုပ်ချုပ်ရေးမဏ္ဍိုင်အား ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားသော သမ္မတကဦးဆောင်ပြီး အစိုးရအကြီးအမှူး (စင်စစ်အာဏာရှိ နိုင်ငံရေးခေါင်းဆောင်) အဖြစ်လည်းကောင်း နိုင်ငံတော်အကြီးအကဲ (နိုင်ငံတော်၏ အခမ်းအနားဆိုင်ရာ ကိုယ်စားပြုအကြီးအကဲ) အဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်သည်။ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးကဏ္ဍများသည် တစ်ခုနှင့်တစ်ခု သီးခြားစီတည်ရှိနေကြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များအတိုင်း တာဝန်ထမ်းဆောင်ရာတွင် သမ္မတသည် ဥပဒေပြုလွှတ်တော်ကို ဖျက်သိမ်းနိုင်ခြင်းမရှိ၊ ထို့အတူ ဥပဒေပြုလွှတ်တော်မှလည်း သမ္မတအား

နိုင်လုံသော အကြောင်းခြင်းရာမရှိဘဲ ဖြုတ်ချနိုင်ခြင်း မရှိချေ (မှားယွင်းသော လုပ်ဆောင်ချက်ကြောင့် စွပ်စွဲပြစ်တင်၍ သမ္မတအား ရာထူးမှဖယ်ရှားခြင်းမှာ ပုံမှန်အားဖြင့် ဖြစ်နိုင်ပေသည်)။

သမ္မတစနစ်၏ အဓိက နိုင်ငံရေး အရွေ့အပြောင်းသည် သမ္မတနှင့် ဥပဒေပြုလွှတ်တော်တို့ အကြားရှိပြီး သမ္မတသည် အုပ်ချုပ်ရေးကဏ္ဍအား ဦးဆောင်ရသော်လည်း ဥပဒေထုတ်ပြန်ရန်နှင့် အသုံးစရိတ် သတ်မှတ်ရန်အတွက် ဥပဒေပြုလွှတ်တော်နှင့် မဖြစ်မနေ ညှိနှိုင်းဆောင်ရွက်ရသည်။ သမ္မတကဖြစ်စေ ဥပဒေပြုလွှတ်တော်ကဖြစ်စေ အခြားတစ်ဖက်အား ဖယ်ရှားနိုင်စွမ်းအာဏာမရှိသောကြောင့် ၎င်းတို့နှစ်ဦးအကြားတွင် မတိုးသာ မဆုတ်သာ (သို့မဟုတ်) ဆက်လက် မရွေ့လျားနိုင်တော့သည့် အခြေအနေမျိုး အမြဲဖြစ်ပွားနိုင်ခြေ ရှိပါသည်။ သမ္မတ၏ ပါတီသည် ဥပဒေပြုလွှတ်တော်တွင် အမတ်နေရာအများစု အနိုင်မရသည့် အခါမျိုးတွင် ပိုမိုတွေ့ရတတ်သည်။ သို့သော်လည်း သမ္မတ၏ ပါတီက ဥပဒေပြုလွှတ်တော်အား ထိန်းချုပ်နိုင်စေကာမူ ကွဲပြားသည့် ရွေးကောက်ပွဲကာလစက်ဝန်းနှင့် (အချို့နိုင်ငံများတွင် ဥပဒေပြုသူများမှ ၎င်းတို့၏ မဲဆန္ဒနယ်ဆိုင်ရာ ဒေသတွင်း ကိစ္စရပ်များအပေါ် အလေးထားမှု အစရှိသည့်) ရွေးကောက်ပွဲဆိုင်ရာ ဖိအားများသည် သမ္မတအား ၎င်း၏ မူဝါဒအဆိုပြုချက်ကို သဘောတူလက်ခံစေရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းရန် လိုအပ်စေမည် ဖြစ်သည်။

သမ္မတစနစ်များတွင် ဝန်ကြီးများကို သမ္မတမှခန့်အပ်သည်။ ၎င်းတို့သည် သမ္မတအား တာဝန်ခံရပြီး (ဥပဒေပြုလွှတ်တော်ထံတွင် မဟုတ်ချေ) သမ္မတ၏ လက်အောက်ခံများပင် ဖြစ်ပါသည်။ များစွာသော လက်တင်အမေရိကနိုင်ငံများပါဝင်သည့် အချို့သောသမ္မတစနစ်များတွင် မည်သူအား ခန့်အပ်မည်ဆိုသော သမ္မတ၏ဆုံးဖြတ်ချက်သည် အပြီးသတ် ဖြစ်သည်။ အခြားသော စနစ်များတွင် သမ္မတ၏ အဆိုပြုခန့်အပ်ချက်ကို ဥပဒေပြုလွှတ်တော်မှ အတည်ပြုရသည်။ အမေရိကန်နိုင်ငံနှင့် လိုက်ဘေးရီးယားနိုင်ငံတို့တွင် အထက်လွှတ်တော်မှ အတည်ပြုပြီး၊ ကင်ညာနိုင်ငံတွင် အောက်လွှတ်တော်က အတည်ပြုသည်။ ထို့အပြင် ဖိလစ်ပိုင်နိုင်ငံတွင် လွှတ်တော်နှစ်ရပ်၏ ပူးပေါင်းကော်မတီမှ အတည်ပြုသည်။ ယင်းလုပ်ထုံးလုပ်နည်းများသည် အဆိုပြုခန့်အပ်သူများအား ဆန်းစစ်လေ့လာနိုင်စေရန် ဥပဒေပြုလွှတ်တော်သို့ အခွင့်အရေးပေးခြင်း ဖြစ်သည်။

သမ္မတစနစ်တွင် ပုံမှန်အားဖြင့် လူတစ်ဦးတစ်ယောက်အား တစ်ပြိုင်နက်တည်း အစိုးရ မဏ္ဍိုင်တစ်ရပ်ထက်ပို၍ တာဝန်ထမ်းဆောင်ခြင်းကို တားမြစ်ထားပါသည်။ ထို့အတွက် ဝန်ကြီးများသည် တပြိုင်နက်တည်း ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်ဖြစ်ခွင့် မရှိချေ။ ထိုကဲ့သို့ ဖြစ်ပါက အာဏာများ ခွဲဝေမှု အခြေခံမူကို ချိုးဖောက်ရာ ကျပေလိမ့်မည်။ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များသည် ဝန်ကြီးအဖြစ် ခန့်အပ်ရန်အတွက် ဖော်ပြပါအရည်အချင်း ပြည့်မီကောင်း ပြည့်မီနိုင်သော်လည်း ဝန်ကြီးအဖြစ် ခန့်အပ်ခံရသည့်အခါတွင် ၎င်းတို့သည် လွှတ်တော်ကိုယ်စားလှယ်များအဖြစ်မှ ရပ်စဲမည် ဖြစ်ပါသည် ( နိုင်ဂျီးရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ဖော်ပြထားသည်)။

သို့သော်လည်း ချွင်းချက်အချို့ ရှိပါသည်။ အချို့သော အာဖရိကန် ဖွဲ့စည်းပုံအခြေခံဥပဒေများအရ (ဥပမာ ဇမ်ဘီယာနိုင်ငံကဲ့သို့) ဝန်ကြီးများအားလုံးကို လွှတ်တော်ကိုယ်စားလှယ်များအနက်မှ ခန့်အပ်ရန် လိုအပ်ခြင်း သို့မဟုတ် (ဥပမာ ဂါနာနိုင်ငံကဲ့သို့) ဝန်ကြီးများအားလုံးကို (သို့မဟုတ်) အချို့ကို လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးချယ်ရန်ခွင့်ပြုထားပြီး ယင်းဝန်ကြီးများသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်း ဆက်လက်ဆောင်ရွက်နိုင်သည်။ အာဏာရှင်ဆန်သော အခြေအနေများတွင် ဤစနစ်အားကျင့်သုံးသည့်အခါ ဥပဒေပြုလွှတ်တော်ကို အားနည်းစေမည်ဖြစ်ပြီး ဝန်ကြီးရာထူး၏ လုပ်ပိုင်ခွင့်နှင့် အထူးအခွင့်အရေးကိုသုံး၍ လွှတ်တော်ကိုယ်စားလှယ်များကို သိမ်းသွင်းကာ မှီခိုလာစေရန် ဆောင်ရွက်လာနိုင်သည်။ ပြိုင်ဆိုင်မှုရှိသည့် ဒီမိုကရေစီစနစ်တွင် ကျင့်သုံးသည့် အခါ လုပ်ပိုင်ခွင့်အာဏာတစ်ဖက်စောင်းနင်းဖြစ်ခြင်းကိုတားဆီးနိုင်ပြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဝန်ကြီးများတွင် ၎င်းတို့အား ဒေသတွင်းထောက်ခံသူများနှင့် ဒီမိုကရေစီအရ လုပ်ပိုင်ခွင့်အာဏာများရှိသည့်အတွက် သမ္မတအပေါ် မှီခိုမှု လျော့နည်းသွားသည်။

ဗြိတိသျှ "Westminster Model" မှ ဆင်းသက်လာသော ပါလီမန်စနစ်များတွင်… လွှတ်တော်ကိုယ်စားလှယ်များအနက်မှ ဝန်ကြီးများရွေးချယ်ခြင်းသည် လုပ်ရိုးလုပ်စဉ် စံနှုန်းဖြစ်သည်။ ထို့ကြောင့် အစိုးရအဖွဲ့သည် "အုပ်ချုပ်ရေးအဖွဲ့အဖြစ် ထမ်းဆောင်ရန် ရွေးချယ်ထားသော ဥပဒေပြုရေးအဖွဲ့ ကော်မတီတစ်ခု"သာ ဖြစ်သည်။

## ပါလီမန်စနစ်များ

ပါလီမန်စနစ်များသည် (ဥပမာ - အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဖီဂျီ၊ သြစတေးလျ၊ မလေးရှား) ဥပဒေပြုရေးနှင့် အစိုးရ၏ အုပ်ချုပ်ရေးကဏ္ဍများအကြား အပြန်အလှန် ယုံကြည်မှုနှင့် ထောက်ပံ့ပေးမှု (ပညာရပ် စကားရပ် အနေဖြင့်ဆိုလျှင် 'စိတ်ချယုံကြည်မှု' ဟု သိကြသည်) တို့အပေါ်အခြေခံထားသည်။ အစိုးရအား ဝန်ကြီးချုပ်မှဦးဆောင်ပြီး၊ အစိုးရအဖွဲ့ဝန်ကြီးများမှ ကူညီ ထောက်ပံ့ပေးသည်။ ယင်းဝန်ကြီးများအား ဥပဒေပြုလွှတ်တော်တွင် နေရာအများစုအနိုင်ရထားသည့် နိုင်ငံရေးအစုအဖွဲ့များ (သို့မဟုတ်) ညွန့်ပေါင်းအစုအဖွဲ့ (သို့မဟုတ်) ပါတီ၏ စိတ်ချယုံကြည်မှု ( နိုင်ငံရေးအရ ဆက်လက်ထောက်ခံမှု) တို့ဖြင့် ခန့်အပ်ထားသည်။ လွှတ်တော်နှစ်ရပ်စနစ်တစ်ခုတွင် 'လွှတ်တော်၏ စိတ်ချယုံကြည်မှု'သည် ပုံမှန်အားဖြင့် အောက်လွှတ်တော် (လူဦးရေအလိုက် ရွေးကောက်တင်မြှောက်ထားသည့်) ၏ ထောက်ခံမှုတစ်ခုတည်းကိုသာ ရည်ညွှန်းခြင်းဖြစ်သော်လည်း အချို့သော နိုင်ငံများတွင် (ဥပမာ အီတလီနိုင်ငံ) ဝန်ကြီးများအဖွဲ့သည် လွှတ်တော်နှစ်ရပ်စလုံးအား တာဝန်ခံရသည်။

အစိုးရအဖွဲ့အား အုပ်ချုပ်ရေးဆိုင်ရာနှင့် ဥပဒေပြုရေးဆိုင်ရာ ခေါင်းဆောင်မှုဖြင့် ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ယင်းအစိုးရအဖွဲ့သည် လွှတ်တော်တွင်နေရာအများစုအနိုင်ရထားသည့်အဖွဲ့အား တာဝန်ခံရသည့် အုပ်ချုပ်မှုကော်မတီတစ်ခုဖြစ်ပြီး တစ်ချိန်ထဲမှာပင် ၎င်းအဖွဲ့အား ဦးဆောင်ရသည်။ အစိုးရသည် လွှတ်တော်အား ဦးဆောင်ရမည်ဖြစ်သော်လည်း အခြေခံအားဖြင့် လွှတ်တော်တွင် နေရာအများစုရရှိထားသောအဖွဲ့၏ဆန္ဒအရ လိုက်နာဆောင်ရွက်လိုသည့် လမ်းကြောင်းနှင့် လိုက်နာဆောင်ရွက်လိုသည့် အတိုင်းအတာတစ်ခုအထိသာ ဦးဆောင်နိုင်မည် ဖြစ်ပါသည်။

ပါလီမန်စနစ်တစ်ခု၏ အဓိက နိုင်ငံရေးအရွေ့အပြောင်းမှာ အစိုးရ၏ မဏ္ဍိုင်အသီးသီးကြား (အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင် စသည်တို့အကြား) မဟုတ်ပဲ အစိုးရနှင့် ၎င်း၏ အတိုက်အခံပါတီတို့ အကြားဖြစ်သည်။ အစိုးရအဖွဲ့ ( ပါတီတစ်ခုတည်း သို့မဟုတ် ပါတီညွန့်ပေါင်းအဖွဲ့) မှ မူဝါဒ လုပ်ငန်းစဉ်တို့ကို ချမှတ်ခြင်း၊ စီမံအုပ်ချုပ်ရေးအပိုင်းကို ချုပ်ကိုင်ခြင်းနှင့် ဥပဒေပြုရေးကို အစပျိုးခြင်းတို့ကို ဆောင်ရွက်သည်။ အတိုက်အခံပါတီ ( ပါတီတစ်ခု သို့မဟုတ် ပါတီများ) သည် အစိုးရအား တာဝန်ခံစေခြင်း၊ ကသိကအောက် ဖြစ်စေသော မေးခွန်းများမေးခြင်း၊ ပြဿနာကိစ္စအထွေထွေကို ပြည်သူလူထုမှ သတိထား ဂရုစိုက်မိအောင်လုပ်ခြင်းတို့ကို ဆောင်ရွက်သည်။ ထို့အပြင် အစိုးရ၏ အဆိုတင်သွင်းချက်များသည် အကျိုးအကြောင်းသင့်စွာ ဆွေးနွေးမှုရှိစေရန်နှင့် စေ့စပ်စွာ စစ်ဆေးစေရန် စောင့်ကြပ်သည်။ ထိုအဆိုတင်သွင်းချက်တို့အားပြောင်းလဲစေမှု၊ လွှမ်းမိုးခံရမှုနှင့် ရံဖန်ရံခါ နှောင့်နှေးကြန့်ကြာစေမှုတို့ ဖြစ်ကောင်းဖြစ်နိုင်သည်။ နောက်တစ်ကြိမ် ရွေးကောက်ပွဲတွင် ပြည်သူလူထုသည် အာဏာရပါတီ သို့မဟုတ် ပါတီများ အပြောင်းအလဲဖြစ်စေနိုင်သည့် လွှတ်တော်သက်တမ်းအသစ်အတွက် မဲပေးလိုက်ပြီး ယခင် အတိုက်အခံပါတီ ခေါင်းဆောင်မှာ ဝန်ကြီးချုပ်အသစ် ဖြစ်လာသည်။

ဗြိတိသျှ "Westminster Model" မှ ဆင်းသက်လာသော ပါလီမန်စနစ်များအား ဗြိတိသျှကိုလိုနီ စိုးမိုးခဲ့သော တိုင်းပြည်အများအပြားတွင် တွေ့ရပြီး လွှတ်တော်ကိုယ်စားလှယ်များအနက်မှ ဝန်ကြီးများရွေးချယ်ခြင်းသည် လုပ်ရိုးလုပ်စဉ် စံနှုန်းဖြစ်သည်။ ထို့ကြောင့် အစိုးရအဖွဲ့သည် 'အုပ်ချုပ်ရေးအဖွဲ့အဖြစ် ထမ်းဆောင်ရန် ရွေးချယ်ထားသော ဥပဒေပြုရေးအဖွဲ့ ကော်မတီတစ်ခု'သာ ဖြစ်သည် (Bagehot 1876)။ တနည်းအားဖြင့် ယင်းသည် ဥပဒေပြုလွှတ်တော်၏ အုပ်ချုပ်ရေးကော်မတီတစ်ရပ်ဖြစ်သည်။ ဝန်ကြီးချုပ်မှ ဝန်ကြီးများကို ရွေးချယ်သည်။ သို့သော် ဝန်ကြီးချုပ်မှထိုသို့ရွေးချယ်ရာတွင် လွှတ်တော်တွင် နေရာအများစုအနိုင်ရသည့် ပါတီတစ်ခု သို့မဟုတ် ညွန့်ပေါင်းပါတီများအနက်မှ လက်ရွေးစင်စီနီယာလွှတ်တော်ကိုယ်စားလှယ်များအုပ်စုထဲကသာ ရွေးချယ်နိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် စဉ်ဆက်မပြတ် အသိအမှတ်ပြုလာခဲ့သည့် ပဋိညာဉ်တစ်ခုဖြစ်သော်လည်း ဗြိတိန်နိုင်ငံတွင် ရေးသားပြဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိသည့်အတွက် ထိုကဲ့သို့လုပ်ဆောင်ခြင်းမှာ နိုင်ငံရေးလုပ်ရိုးလုပ်စဉ်/ပဋိညာဉ် ကိစ္စရပ်အဖြစ် တည်နေဆဲဖြစ်သည်။ Westminster model ကိုအသုံးပြုသော အခြားနိုင်ငံများတွင် ပိုမိုတိကျစွာ ပြဌာန်းထားပြီး သာမန်

ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ နော်ဝေးတို့၏ ပါလီမန်စနစ်များတွင် ဝန်ကြီးရာထူးများနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် သီးခြားစီဖြစ်သည်။ ဝန်ကြီးအဖြစ် ခန့်အပ်ခံရသော လွှတ်တော်ကိုယ်စားလှယ်သည် လွှတ်တော်မှ နုတ်ထွက်ရမည်။

အခြေအနေတွင် ဝန်ကြီးများသည် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ရမည်ဟူသော စည်းမျဉ်းများကို ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးသားထားသည်။

- သြစတေးလျနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (S.64) တွင် '....ဝန်ကြီးတစ်ဦးသည် အထက်လွှတ်တော် ကိုယ်စားလှယ် သို့မဟုတ် အောက်လွှတ်တော် ကိုယ်စားလှယ်မဟုတ်ပါက ရာထူးသက်တမ်း ၃ လထက်ကျော်လွန်၍ တာဝန်ထမ်းဆောင်ခွင့်မရှိ' ဟု ဖော်ပြထားသည်။
- နယူးဇီလန်နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'လွှတ်တော်ကိုယ်စားလှယ်ဖြစ်မှသာလျှင် ထိုသူအား အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် သို့မဟုတ် အစိုးရအဖွဲ့ဝန်ကြီးတစ်ဦးအဖြစ် ခန့်အပ်ခံရမည်ဖြစ်မည်' ဟု ဖော်ပြထားသည်။

လွှတ်တော်ဖျက်သိမ်းခြင်းနှင့် လွှတ်တော်အသစ် ရွေးကောက်တင်မြှောက်ခြင်း မတိုင်ခင် ကာလစပ်ကြားတွင် လွှတ်တော်ကိုယ်စားလှယ်များ မရှိသေးပေ။ ထို့ကြောင့် နယူးဇီလန်နိုင်ငံတွင် ရုံးဌာနများ ဆက်လက်လည်ပတ်နေရန် လွှတ်တော်မဖျက်သိမ်းခင်ကတည်းက ဝန်ကြီးများအဖြစ် တာဝန်ထမ်းဆောင်နေသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ဆက်လက်တာဝန် ထမ်းဆောင်စေရန် ပြဋ္ဌာန်းသည်။ သြစတေးလျနိုင်ငံတွင် လွှတ်တော်ဖျက်သိမ်းခြင်းနှင့် လွှတ်တော်အသစ် ရွေးကောက်တင်မြှောက်ခြင်းမတိုင်ခင် ကာလစပ်ကြား သုံးလတွင် ဝန်ကြီးများအနေဖြင့် ဥပဒေအရ ဆက်လက်တာဝန်ထမ်းဆောင်ရသည်။ အထက်ဖော်ပြပါချွင်းချက်များရှိလင့်ကစား ဝန်ကြီးများသည် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကိုဖြစ်ရမည်။ လွှတ်တော်၌ ရွေးကောက်တင်မြှောက်ခံရခြင်းကသာ ဝန်ကြီးရာထူးခန့်အပ်ခြင်းခံရနိုင်စေမည့် တစ်ခုတည်းသော နိုင်ငံရေးလမ်းကြောင်းဖြစ်သည်။

ပါလီမန်စနစ်အားလုံးသည် Westminster model မှ ဆင်းသက်လာခြင်းမဟုတ်ပေ။ ကွဲပြားခြားနားသော ပါလီမန်ဓလေ့ထုံးတမ်းများသည် ဥရောပတိုက်တွင် ထွန်းကားလာခဲ့သည်။ ဥပမာအားဖြင့် စပိန်တွင် ဝန်ကြီးများသည် လွှတ်တော်ကိုယ်စားလှယ်များထဲမှလည်း ဖြစ်နိုင်သည်၊ လွှတ်တော်ကိုယ်စားလှယ်များသည် ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသော်လည်း လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဆက်လက်တာဝန်ထမ်းဆောင် နိုင်သည်၊ သို့သော်လည်း ဝန်ကြီးများခန့်အပ်ရာတွင် လွှတ်တော်ပြင်ပမှလည်းခေါ်ယူခန့်အပ်နိုင်သည်။ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ နော်ဝေးတို့၏ ပါလီမန်စနစ်များတွင် ဝန်ကြီးရာထူးများနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် သီးခြားစီဖြစ်သည်။ ဝန်ကြီးအဖြစ်ခန့်အပ်ခံရသော လွှတ်တော်ကိုယ်စားလှယ်သည် လွှတ်တော်မှ နုတ်ထွက်ရမည် (နိုင်ငံတစ်နိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများအပေါ်မူတည်ပြီး လစ်လပ်သွားသည့် လွှတ်တော်ကိုယ်စားလှယ်နေရာတွင် သင့်တော်သော ပါတီစာရင်းမှ တစ်စုံတစ်ဦးဖြင့် အစားထိုးသည်)။

ထိုသို့ ပြဋ္ဌာန်းသော နိုင်ငံအများစုသည် လွန်ခဲ့သော ရာစုနှစ် ၂ ခုအလွန်ကတည်းက ၎င်းတို့၏ ကိုယ်ပိုင် နိုင်ငံရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာမှု သမိုင်းကြောင်းများရှိခဲ့သည့် သက်တမ်းရင့်ပြီး တည်ငြိမ်သော၊ ကောင်းစွာ အခြေတည်ပြီးဖြစ်သော ဒီမိုကရေစီစနစ်နိုင်ငံများ ဖြစ်ကြသည်။ အထူးသဖြင့် ၎င်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဖြစ်သော ဘုရင်စနစ်ကျင့်သုံးသည့် နိုင်ငံများလည်း ဖြစ်ကြသည်။ လွှတ်တော်ကိုယ်စားလှယ်ရာထူးနှင့် ဝန်ကြီးရာထူးကို ခွဲခြားထားခြင်းသည် ပါလီမန်စနစ် (ဥပဒေပြုလွှတ်တော်အပေါ် ဝန်ကြီးများ၏ နိုင်ငံရေးတာဝန်ခံမှုနှင့် ဥပဒေပြုလွှတ်တော်၏ ထောက်ခံမှုအပေါ် ထိုဝန်ကြီးများ၏ မှီခိုမှု) မကျင့်သုံးစဉ်အချိန်ကတည်းက ကိုယ်စားပြု အင်စတီကျူးရှင်းများကို ကျင့်သုံးခဲ့ကြသည့် သမိုင်းခေတ်တစ်ခုကို ထင်ဟပ်ပြနေသည်။ နဂိုမူလ ရည်ရွယ်ချက်မှာ ပါလီမန်အား ဘုရင်၏လက်ဝါးကြီးအုပ်ခြင်း သို့မဟုတ် အလွန်အမင်း လွှမ်းမိုးခံရခြင်းမှ တားဆီးရန်ဖြစ်သည်။ ယခုတွင်မူ ဘုရင်၏အခန်းကဏ္ဍမှာ အခမ်းအနားတက်ရောက်ရန်သာဖြစ်သော်လည်း ဝန်ကြီးများကို ပါလီမန်မှခွဲထုတ်ထားခြင်းမှာ ဆက်လက်ရှိနေဆဲဖြစ်သည်။ ယနေ့ခေတ်တွင် ထိုသို့ခွဲခြားထားခြင်းသည် လွှတ်တော်အတွင်း အချိုးကျ ကိုယ်စားပြုစနစ်၊ ပါတီစုံ (နှစ်ပါတီမဟုတ်သည့်) နိုင်ငံရေးနှင့် ကျယ်ပြန့်စွာ အကျုံးဝင်သော ညွန့်ပေါင်းအစိုးရ အစရှိသည့် လက္ခဏာရပ်တို့ပါဝင်သော ဥရောပတိုက်၏ ထူးခြားသော ပါလီမန်စနစ်ဖြစ်သည်။ ဝန်ကြီးများသည် ပါတီနိုင်ငံရေးသမားများ

အဖြစ်သာ မဟုတ်ဘဲ ရှုပ်ထွေးသော ပါတီစုံသဘောတူညီမှုများရရှိပြီး ထိုသဘောတူညီချက်များကို လိုက်နာဆောင်ရွက်ရမည့် ညွန့်ပေါင်းအစိုးရတစ်ခု၏ အဖွဲ့ဝင်များအဖြစ် ပြုမူဆောင်ရွက်ရန် လိုအပ်သည်။ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်နှင့် ဝန်ကြီးရာထူးကို သီးခြားခွဲထားခြင်းသည် ဤအခြေအနေမျိုးများတွင် အုပ်ချုပ်ရေးအကြီးအကဲအား နိုင်ငံရေးဆိုင်ရာ လွှမ်းမိုးမှုမရှိစေရန် ရည်ရွယ်သော အာဏာခွဲဝေမှု အစီအစဉ်တစ်ခုဖြစ်သည်။ Westminster ပုံစံနှင့် ဆန့်ကျင်ဖက်ဖြစ်သော ဥရောပတိုက်၏ မူကွဲပါလီမန်စနစ်သည် ကမ္ဘာ၏ အခြားဒေသများသို့ ပျံ့နှံ့ကျင့်သုံးမှု အားနည်းပါသည်။

ဤကဲ့သို့ ဥရောပတိုက်၏ ပါလီမန်စနစ်များတွင် ဝန်ကြီးများကို လွှတ်တော်ကိုယ်စားလှယ်ဖြစ်ဖူးသည့်သူများအနက်မှသာ ရွေးချယ်ထားခြင်းဖြစ်သော်လည်း (အချို့ ဦးဆောင်နေသော လွှတ်တော်ကိုယ်စားလှယ်များသည် ဝန်ကြီးများအဖြစ် တာဝန်ထမ်းဆောင်ရန် ရည်မှန်းချက်ရှိသည်) ရံဖန်ရံခါ ဌာနဆိုင်ရာဝန်ထမ်းများ၊ စီးပွားရေးနှင့် ပညာရေးနယ်ပယ်မှ ပုဂ္ဂိုလ်များကိုလည်း ဝန်ကြီးများအဖြစ် ခန့်အပ်လေ့ရှိသည်။ ထို့ကြောင့် သက်ဆိုင်ရာအရည်အချင်း၊ အတတ်ပညာပိုင်း ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများသည် ပိုမိုအရေးပါသော အခန်းကဏ္ဍတွင် ပါဝင်လာသည်။ ယင်းနိုင်ငံများရှိ ဝန်ကြီးအချို့မှာ ၎င်းတို့တာဝန်ရှိသည့် နယ်ပယ်များ၌ အုပ်ချုပ်ရေးအဆင့်အတွေ့အကြုံရှိသော မူဝါဒရေးရာကျွမ်းကျင်သော ကျွမ်းကျင်ပညာရှင်များဖြစ်ရန် အလားအလာ အနည်းငယ်မြင့်မားလာသည်။ သို့သော်လည်း ဝန်ကြီးများရွေးချယ်ရာတွင် နိုင်ငံရေးဆိုင်ရာ ချိန်ညှိမှုသည် အလွန်ပင် အရေးကြီးနေဆဲဖြစ်သည် (အထူးသဖြင့် နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ပါတီများဖြင့် ဖွဲ့စည်းထားသော ညွန့်ပေါင်းအစိုးရများ ရှိကြသည့် နိုင်ငံများတွင်)။

## ၃။ ‘ပေါင်းစပ်ခြင်း’ စည်းမျဉ်းများဆိုင်ရာ အခြေအနေများ - ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဝန်ကြီးများ

### ပြည်သူလူထုကို ဝန်ကြီးလောင်းများအား ပဏာမရွေးချယ်ခွင့်ပေးခြင်း

အကယ်၍ ဝန်ကြီးများအား ရွေးကောက်တင်မြှောက်ထားသော ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များအနက်မှ ရွေးချယ်ခန့်အပ်ပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်တာဝန် ထမ်းဆောင်ခွင့်ပြုပါက ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသူသည် ပြည်သူလူထုက ရွေးကောက် တင်မြှောက်ထားခြင်းဖြစ်သည့်အတွက် ပြည်သူလူထုအား တိုက်ရိုက်တာဝန်ခံရသည်။ ဤသို့ ဝန်ကြီးများအား ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားသော သူများအနက်မှ ရွေးချယ်ခန့်အပ်ခြင်းသည် ဒီမိုကရေစီ အရည်အသွေးတစ်ခုပင်ဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်များကို ပထဝီအနေအထားအပေါ် ပိုင်းခြားထားသော မဲဆန္ဒနယ် အလိုက် ရွေးကောက်တင်မြှောက်သည့် နိုင်ငံများတွင် ဝန်ကြီးတစ်ဦးသည် ရွေးကောက်ပွဲ၌ ၎င်း၏ မဲဆန္ဒနယ်တွင် အနိုင်မရပါက ဝန်ကြီးရာထူးကိုပါ ဆုံးရှုံးရမည်ဖြစ်သည်။

### အစိုးရအဖွဲ့ အားကောင်းခိုင်မာရေး

ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ (အထူးသဖြင့် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ) ဖြစ်ကြသည့် ဝန်ကြီးများသည် ရွေးကောက်ပွဲတစ်ခုနိုင်ထားခြင်း၏ အကျိုးဆက်အဖြစ် အတိုင်းအတာတစ်ခုအထိ နိုင်ငံရေး အာဏာများရှိပြီးဖြစ်သည်။ ရွေးကောက်သည့် စနစ်အပေါ် မူတည်၍ ဝန်ကြီးများသည် ပါတီ၏ထောက်ခံမှုနှင့်အတူ ပုဂ္ဂိုလ်ရေးထောက်ခံသူများ တိုးပွားလာအောင် ဆောင်ရွက်နိုင်သည့် ဒေသခံ မဲဆန္ဒနယ်တစ်ခု ရှိသည်။ ၎င်းတို့သည် ဝန်ကြီးရာထူးမှ ထုတ်ပယ်ခံရသော်လည်း ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ် တစ်ဦးဖြစ်ခြင်း၊ ပြည်သူလူထုထောက်ခံမှုရှိခြင်း၊ ဂုဏ်ဒြပ်နှင့် ဩဇာလွှမ်းမိုးမှုရှိခြင်း စသည့်အရင်းအမြစ်များကို စွဲကိုင်ထားနိုင်သည်– ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ရရှိထားသော လစာနှင့် ခံစားခွင့်များလည်း ရှိသေးသည်။ ထိုကဲ့သို့သော အခြေအနေများတွင် ဝန်ကြီးရာထူးမှ ထုတ်ပယ်ခံရခြင်းသည် ခြေတစ်လှမ်း နောက်ဆုတ်လိုက်ရခြင်း ဖြစ်သော်လည်း နိုင်ငံရေးအလုပ် လုပ်ဆောင်ရန် လုံးဝအဆုံးသတ်သွားသည်ဟု မဆိုနိုင်ပါ။ ဆက်လက်လုပ်ဆောင်နိုင်ခြင်းမရှိသည်အထိ ဖြစ်နိုင်ခြေနည်းပါသည်။ ဤသို့ဖြစ်ခြင်း

အကယ်၍ ဝန်ကြီးများအား ရွေးကောက်တင်မြှောက်ထားသော ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များအနက်မှ ရွေးချယ်ခန့်အပ်ပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ပြုပါက ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသူသည် ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားခြင်းဖြစ်သည့်အတွက် ပြည်သူလူထုအား တိုက်ရိုက်တာဝန်ခံရသည်။

သည် (နိုင်ငံရေး အခြေအနေများအပေါ် အလွန်မူတည်ပြီး) ဝန်ကြီးများ၏ အစိုးရအကြီးအကဲအပေါ် မှီခိုမှုကို လျော့သွားစေပြီး နိုင်ငံတော်အကြီးအကဲမှ အာဏာအားလုံးကို လက်ဝါးကြီးအုပ်ထားခြင်းကို ပိုကောင်းမွန်စွာ ခုခံနိုင်စေသည်။

## မေးခွန်းမေးမြန်းနိုင်ခွင့်/စိစစ်ခွင့်

လွှတ်တော်ကိုယ်စားလှယ်များသည် ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်သော နိုင်ငံများတွင် ထိုဝန်ကြီးများသည် ဥပဒေပြုလွှတ်တော်၌ ပုံမှန်ပြုလုပ်သော "မေးခွန်းများ မေးမြန်းသည့်အချိန်" တွင် တက်ရောက်ရသည်မှာ ဖြစ်ရိုးဖြစ်စဉ် အလေ့အကျင့်ဖြစ်သည်။ ဝန်ကြီးများ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ရပြီး မျက်နှာစုံညီဖြေရှင်းရခြင်း၊ မေးမြန်းခံရခြင်းနှင့် ဝေဖန်ခံရခြင်းတို့ ရှိနိုင်သည်။

## ဝန်ကြီးများအား လက်တွေ့ဘဝနှင့် ထိတွေ့မှုရှိစေခြင်း

ဥပဒေပြု လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဝန်ကြီးများသည် အခြားလွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်တိုင်ကိုယ်ကျ လူမှုရေးအရ ထိတွေ့ဆက်ဆံစေရန် တွန်းအားပေးခြင်း ခံရပါသည်။ ဤသည်မှာ ဝန်ကြီးများအနေဖြင့် မိမိကိုယ်မိမိ သီးခြားအုပ်ချုပ်မှုကဏ္ဍ "စက်ဝန်းအတွင်း" "ပူဖောင်း"အတွင်းတွင် ပိတ်လှောင်ထား၍ မရစေရန်ဖြစ်သည်။ ဝန်ကြီးများနှင့် အစိုးရအဖွဲ့ဝင်မဟုတ်သည့် လွှတ်တော်ကိုယ်စားလှယ်များသည် (လွှတ်တော်အတွင်း၊ မဲခွဲဆုံးဖြတ်ရာ ခန်းဆောင်များ (Division lobbies) နှင့် ပါလီမန်အဖွဲ့ဝင်များ တွေ့ဆုံ၊ စားသောက်လေ့ရှိသော နေရာများတွင်) အလွတ်သဘောတွေ့ဆုံနိုင်ပါသည်။

ထို့အပြင် စီရင်စုအခြေပြု ရွေးကောက်ပွဲစနစ်များတွင် ရွေးကောက်ခံထားရသော ပါလီမန်အဖွဲ့ဝင်များ ဖြစ်သည့် ဝန်ကြီးများသည် ၎င်းတို့၏ မဲဆန္ဒရှင်များနှင့် မကြာမကြာတွေ့ဆုံနိုင်သည့် အခွင့်အရေးရှိသည်။ ၎င်းတို့သည် ထိုသို့တွေ့ဆုံပြီး မဲဆန္ဒရှင်များထံမှ ဒေသတွင်း လိုလားချက်၊ လိုအပ်ချက်များ၊ အကျိုးအမြတ်များအား သိရှိနိုင်သည်။

## ဆွေမျိုးကောင်းစားရေးဝါဒ လျှော့ချခြင်းနှင့် အကျိုးစီးပွား ပဋိပက္ခများ

အကယ်၍ ဥပဒေပြုလွှတ်တော်အမတ်များသာ ဝန်ကြီးများအဖြစ် ခန့်အပ်ခံရမည် ဆိုပါက သမ္မတအနေဖြင့် မိသားစုဝင်များနှင့် အသိမိတ်ဆွေများအား ခန့်အပ်ရန် ပိုမိုခက်ခဲမည်ဖြစ်ပြီး ယင်းဝန်ကြီးများသည် ဥပဒေပြုလွှတ်တော်ဆိုင်ရာ ရွေးကောက်ပွဲကို ဦးစွာအနိုင်ရရန် လိုအပ်ပါသည်။ ထိုသူတို့သည် အနည်းဆုံးအနေဖြင့် ဥပဒေပြုလွှတ်တော်တွင် ကနဦးရွေးကောက်ခံရမည် ဖြစ်သည်။ အကယ်၍ သေချာပေါက် ရွေးချယ်ခံရမည့် လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် အခိုင်မာရှိပြီးသား ဖြစ်သည့်တိုင်အောင် မဲဆန္ဒနယ်အားတွေ့ရှိထားသည့် တိုင်အောင် ထိုသူတို့အနေဖြင့် ပြည်သူ့ထောက်ခံချက်တစ်မျိုးမျိုး ရရှိထားရန် လိုအပ်ပါသေးသည်။

ဆန့်ကျင်ဘက်အနေဖြင့် အကယ်၍သမ္မတသည် ဥပဒေပြုလွှတ်တော်အမတ် မဟုတ်သူများကို ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ပါက မိသားစုဝင်များနှင့် အသိမိတ်ဆွေများသည် လိုအပ်သော အရည်အချင်းများနှင့် သင့်လျော်အပ်စပ်မှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်လာမည် ဖြစ်သည်။ ဤအခြေအနေကို အတိုင်းအတာတစ်ခုအထိ တားဆီးနိုင်ရန် နိုင်ငံတိုင်းတွင် ဥပဒေပြု လွှတ်တော်/အထက်လွှတ်တော်၏ အတည်ပြုမှုရရှိရန် လိုအပ်ပါသည်။

## ဥပဒေပြုလွှတ်တော်တွင် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအား ဖွံ့ဖြိုးစေခြင်း

ဥပဒေပြုလွှတ်တော်တွင် ဝန်ကြီးများ ထားရှိခြင်းဖြင့် လွှတ်တော်သည် ပိုမိုစွမ်းဆောင်နိုင်စွမ်း ရှိစေသည်။ ဝန်ကြီးများသည် ဥပဒေပြုလွှတ်တော် ကိုယ်စားလှယ်များ ဖြစ်သောအခါတွင် ယေဘူယျအားဖြင့်လည်း လွှတ်တော်တွင် အစိုးရ၏အခက်အခဲများနှင့် အခြေအနေမှန်များအား လက်တွေ့ကြုံခဲ့ရသော (အစိုးရ ဝန်ကြီးများမဟုတ်သော လွှတ်တော်ကိုယ်စားလှယ်များနှင့် အတိုက်အခံ လွှတ်တော်ကိုယ်စားလှယ်များမှလည်းဖြစ်နိုင်သည့်)ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များအရေးအတွက် တစ်ခုထိ ပါဝင်ကြလိမ့်မည်။ လွှတ်တော်ထဲတွင် အစိုးရ၏ အခက်အခဲများနှင့် အခြေအနေမှန်များအား

> ဝန်ကြီးများအား လွှတ်တော်ပြင်ပမှ ရွေးကောက်တင်မြှောက်ပါက ၎င်းတို့အား အထူးကျွမ်းကျင်သည့်လုပ်ဆောင်နိုင်စွမ်း၊ အရည်အချင်းနှင့် အတွေ့အကြုံ တို့အပေါ်မူတည်၍ ရွေးချယ်နိုင်မည်ဖြစ်ပါသည်။ ဤနည်းအားဖြင့် "ကျွမ်းကျင်ပညာရှင်" အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ခန့်အပ်နိုင်မည်ဖြစ်သည်။

လက်တွေ့ တွေ့ကြုံခဲ့သောဥပဒေပြုလွှတ်တော်အမတ်များ၊ အစိုးရအဖွဲ့ဝင်မဟုတ်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် အတိုက်အခံလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ကြလိမ့်မည်။ ဤသည်မှာ ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဖြစ်နိုင်ခြေရှိမရှိ အခြေအနေများကို အတွင်းသိ အစင်းသိစွာဖြင့် လက်တွေ့ကျသည့် ၎င်းတို့၏လိုလားချက်များကို တောင်းဆိုနိုင်စေလိမ့်မည် ဖြစ်သည်။ တောင်းဆိုရာတွင် အတွင်းခါတ်သိအမြင်ဖြင့် ဖြစ်နိုင်ချေ ရှိမရှိ ပိုမိုလက်တွေ့ကျကျ သိမြင်စေသည်။ ထို့ပြင် ဤသည်မှာ ဥပဒေပြဌာန်းချက်မှုများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သော လက်တွေ့ပြဿနာရပ်များကို ကြိုတင်ခန့်မှန်းနိုင်စေသည့်အတွက် ဥပဒေများ အား စိစစ်ရာတွင် ပိုမိုထိရောက်မှုရှိစေသည်။

### အင်စတီကျူးရှင်းဆိုင်ရာ သစ္စာစောင့်သိမှု

လွှတ်တော်ကိုယ်စားလှယ်များအဖြစ် တည်ရှိနေမှုကိုသာ ပဓာနထားကြသည့် ဝန်ကြီးများသည် (ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းမခံရမီတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် နှစ်ပေါင်းများစွာ ဖြတ်သန်း ခဲ့သူ၊ ဝန်ကြီးများအဖြစ်ခန့်အပ်ခံရပြီးနောက် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရှိနေသူနှင့် လုပ်ဖော်ကိုင်ဖက် လွှတ်တော်ကိုယ်စားလှယ်များနှင့် နေ့စဉ်အဆက်အသွယ်မပြတ်ရှိသူ) လွှတ်တော် ပါလီမန်ကို ကျော်လွန်လုပ်ဆောင်သည့် မည်သည့်အစိုးရကိုမဆို ထောက်ခံနိုင်ခြေနည်းပါးသည်။ ထိုဝန်ကြီးများသည် ၎င်းတို့ထံတွင်ရှိနေသော လုပ်ပိုင်ခွင့်အာဏာများသည်နှင့် လွှတ်တော်တည်ရှိ နေမှုနှင့် လွှတ်တော်၏ လုပ်ငန်းဆောင်တာများ ပုံမှန်အတိုင်း ဆက်လက်လည်ပတ်နိုင်မှုအပေါ် အထူးသဖြင့် မူတည်နေကြောင်းကို သိရှိထားပါသည်။ အဆုံးစွန်ထိမူတည်ကြောင်း အသိအမှတ် ပြုသည်။

(လွှတ်တော်အပေါ် တူညီသောအဖွဲ့အစည်းပိုင်းဆိုင်ရာ သစ္စာစောင့်သိမှုမရှိသည့်၊ လွှတ်တော် နည်း လွှတ်တော်ဟန်နှင့် အလေ့အထများကို လေ့လာလိုက်စားဖူးခြင်းမရှိသည့်) လွှတ်တော်ပြင်ပမှ ခန့်အပ်လိုက်သည့် ဝန်ကြီးများသည် အုပ်ချုပ်ရေးအကြီးအကဲနှင့်အတူ ရပ်တည်ကာ လွှတ်တော်အား ဆန့်ကျင်နိုင်ခြေပိုများပြီး လွှတ်တော်၏ မတူကွဲပြားသည့် အခန်းကဏ္ဍနှင့် အခွင့်အရေးများကို လေးလေးနက်နက် ထည့်သွင်းစဉ်းစားခြင်းမပြုနိုင်ခြေ ပိုများသည်။

## ၄။ ပိုင်းခြား/သီးခြားပုံစံ စည်းမျဉ်းများနှင့် 'သီးခြား' နည်းဥပဒေနှင့်စပ်လျဉ်းသည့် ကိစ္စရပ် - လွှတ်တော်ကိုယ်စားလှယ်မဟုတ်သည့် ဝန်ကြီးများ

### ဥပဒေပြုလွှတ်တော်၏ လွတ်လပ်မှုနှင့် ဥပဒေပြုရေးဆိုင်ရာနှင့် လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေပိုင်းခြားကန့်သတ်ထားခြင်း

ဝန်ကြီးများအဖြစ် ခန့်အပ်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် အများအပြားရှိသည့် ဥပဒေပြုလွှတ်တော်တစ်ရပ်သည် ပြောင်းလွယ်ပြင်လွယ်ရှိသည့် ဥပဒေပြုလွှတ်တော်တစ်ရပ် ဖြစ်ပေ လိမ့်မည် (အခြားအချက်များ တူညီပါသည်)။ လွှတ်တော်ကိုယ်စားလှယ်များအား ဝန်ကြီးအဖြစ် ခန့်အပ်နိုင်သည့်အာဏာသည် ဥပဒေပြုလွှတ်တော်အပေါ် အစိုးရအကြီးအကဲ (သမ္မတ သို့မဟုတ် ဝန်ကြီးချုပ်)မှ ဩဇာလွှမ်းမိုးခွင့်ပေးခြင်းပင် ဖြစ်သည်။ အစိုးရ ထောက်ခံသူ လွှတ်တော်ကိုယ်စားလှယ် များမှာ ချီးမြှင့်မြှောက်စားခံရနိုင်ပြီး အတိုက်အခံပြုသူနှင့် ထောက်ပြဝေဖန်သူ လွှတ်တော်ကိုယ်စား လှယ်များမှာ ဘေးဖယ်ခံရနိုင်သည်။ ဤသို့ အစိုးရအကြီး အကဲမှ လွှတ်တော်ကိုယ်စားလှယ်များအား ဝန်ကြီးအဖြစ် ခန့်အပ်နိုင်စေသည့် အာဏာသည် အစိုးရနှင့် တန်းတူညီသည့်အဖွဲ့တစ်ခုဖြစ်သည့် ဥပဒေပြုလွှတ်တော်အား အားနည်းချိနဲ့စေပြီး လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေပိုင်းခြားကန့်သတ်ခြင်းကို ယုတ်လျော့စေသည်။

လွှတ်တော်ကိုယ်စားလှယ်များအား ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်သည့်အာဏာသည် (အဓိက နိုင်ငံရေး အရွေ့အပြောင်းသည် အစိုးရနှင့် အတိုက်အခံကြား ဖြစ်ပေါ်တတ်သည့်အပြင် စိစစ်ခြင်း နှင့် ကြီးကြပ်စောင့်ကြည့်ခြင်း လုပ်ငန်းများကို အတိုက်အခံအဖွဲ့က ဆောင်ရွက်သည့်) ပါလီမန် လွှတ်တော်စနစ်တွင် ပြဿနာမရှိနိုင်သော်လည်း (အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့၏

အပြန်အလှန် အမှီအခိုကင်းမှုကို ထိန်းသိမ်းခြင်းသည် လွတ်လပ်ခွင့်နှင့် ကောင်းမွန်သော အုပ်ချုပ်မှုတို့၏ အုတ်မြစ်ဖြစ်သည့်) သမ္မတစနစ်တွင် အပြန်အလှန်ထိန်းကျောင်း၊ စောင့်ကြည့်မှုကို အားပျော့စေသည်။

## အချိန်စီမံခန့်ခွဲမှု

ဥပဒေပြုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးအဖြစ် ထမ်းဆောင်ရသည်မှာ ကြီးလေးသည့် လုပ်ငန်းတာဝန် တစ်ရပ်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးများနှင့် ကော်မတီလုပ်ငန်းတာဝန်များအပြင် မဲဆန္ဒရှင်များ၊ မူဝါဒရေးရာ လှုပ်ရှားဆောင်ရွက်သူများ၊ ပါတီအရေး တက်ကြွလှုပ်ရှားသူများနှင့်လည်း ဆက်သွယ်ဆောင်ရွက်မှု မပြတ်ရှိနေစေရန် လိုအပ်ပါသည်။ ၎င်းတို့သည် လွှတ်တော်ရှိရာဒေသနှင့် မဲဆန္ဒနယ်မြေများအကြား ဝေးလံလှသည့်ခရီးရှည်များ သွားရောက်ကြရဖွယ်ရာလည်းရှိပါသည်။ ဝန်ကြီးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရသည်မှာလည်း အချိန်ပြည့်လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်ပါသည်။ ဖော်ပြပါကြီးလေးသည့် တာဝန်နှစ်ရပ်ကို တစ်ပြိုင်နက်တည်းထမ်းဆောင်ခြင်းသည် အရည်အချင်း ပြည့်ဝသူကိုပင် မနိုင်ဝန်ထမ်းစေသကဲ့သို့ ဖြစ်မည်ဖြစ်ပြီး လုပ်ငန်းတာဝန်တစ်ရပ်တွင် ပေါ့လျော့မိခြင်း (သို့) တာဝန်နှစ်ရပ်လုံးတွင် ပြောင်မြောက်စွာ ထမ်းဆောင်နိုင်မှုမရှိခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ရာတွင် ဝန်ကြီးများသည် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ပါက ယင်းဝန်ကြီး၏ နိုင်ငံရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ၎င်းဝန်ကြီးကိုယ်စားပြုသည့် မဲဆန္ဒနယ်ဆိုင်ရာ လုပ်ငန်းတာဝန်များအား ထမ်းဆောင်နိုင်ခွင့်ပေးခြင်းကဲ့သို့သော စီမံဆောင်ရွက်ချက်များ ထားရှိခြင်းဖြင့် အချိန်လိုအပ်ချက်များကို စီမံခန့်ခွဲနိုင်ဖွယ် ရှိသည်။

## အရည်အချင်း၊ အတွေ့အကြုံနှင့် ကိုယ်ရေးအကျဉ်း

လွှတ်တော်ကိုယ်စားလှယ်များအနက်မှ ဝန်ကြီးတစ်ဦးရွေးကောက်တင်မြှောက်ခြင်းသည် ရရှိနိုင်သည့် ဝန်ကြီးလောင်းအရေအတွက်ကို သိသိသာသာ လျော့ကျစေနိုင်ပါသည်။ အရည်အချင်းပြည့်မီသည့် (သို့) သင့်လျော်မှန်ကန်သော ကိုယ်ရေးရာဇဝင်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှားပါးနေမှုနှင့်လည်း ကြုံတွေ့ရနိုင်ပါသည်။ ဝန်ကြီးများအား လွှတ်တော်ပြင်ပမှ ရွေးကောက်တင်မြှောက်ပါက ၎င်းတို့အား အထူးကျွမ်းကျင်သည့် လုပ်ဆောင်နိုင်စွမ်း၊ အရည်အချင်းနှင့် အတွေ့အကြုံတို့အပေါ် မူတည်၍ ရွေးချယ်နိုင်မည်ဖြစ်ပါသည်။ ဤနည်းအားဖြင့် 'ကျွမ်းကျင်ပညာရှင်' အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ခန့်အပ်နိုင်မည်ဖြစ်သည်။ ထို့အပြင် လွှတ်တော်ပြင်ပမှ ဝန်ကြီးများရွေးကောက်တင်မြှောက်ခြင်းဖြင့် ဝန်ကြီးအဆင့်တွင် နယ်မြေဒေသဆိုင်ရာ၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ၊ တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ (သို့) ဂျန်ဒါဆိုင်ရာအလိုက် ကိုယ်စားပြုမှုကို သမမျှတမှုရှိစေမည်ဖြစ်သည်။

# ၅။ နောက်ဆက်တွဲ အင်စတီကျူးရှင်းဆိုင်ရာနှင့် ရေခံမြေခံအနေအထားအလိုက် ထပ်မံထည့်သွင်းစဉ်းစားရမည့်အချက်များ

## လွှတ်တော်နှစ်ရပ် ဥပဒေပြုရေးစနစ်

လွှတ်တော်နှစ်ရပ်ဖြင့် ဥပဒေပြုရေးစနစ်သည် ကွဲပြားသည့် သီးခြားလွှတ်တော် နှစ်ရပ်ဖြင့် ပါဝင်ဖွဲ့စည်းထားသည့် ဥပဒေပြုရေးဖြစ်သည်။ Westminster စနစ်မှ ဆင်းသက်လာသည့် လွှတ်တော်နှစ်ရပ်ဥပဒေပြုရေးစနစ်များတွင် ဝန်ကြီးချုပ်သည် မဲအများစုအနိုင်ရ၍ ရွေးကောက်ခံရသည့် အောက်လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် ရွေးကောက်ခံထားရသူ ဖြစ်ရမည်။ သို့ရာတွင် အခြားဝန်ကြီးများခန့်အပ်ရာ၌ အောက်လွှတ်တော်နှင့် အထက်လွှတ်တော်နှစ်ရပ်စလုံးရှိ လွှတ်တော်ကိုယ်စားလှယ်များအနက်မှ ခန့်အပ်ခွင့်ရှိသည်။ အထက်လွှတ်တော်တစ်ရပ်လုံး (သို့) တစိတ်တပိုင်းသည် ရွေးကောက်ခံမဟုတ်ဘဲ တိုက်ရိုက်ခန့်အပ်ခြင်းဖြစ်သောကြောင့် ဝန်ကြီးရာထူးနှင့် ကိုက်ညီသည့် ကျွမ်းကျင်မှု၊ အရည်အချင်းနှင့် အတွေ့အကြုံရှိသော ကိုယ်စားလှယ်များသည် ဝန်ကြီးဖြစ်ရန် ပထမဦးစွာ ရွေးကောက်ပွဲတွင် အနိုင်ရရှိရန် မလိုအပ်တော့သည့် အဓိပ္ပါယ်ဆောင်

သည်။ သက်ဆိုင်ရာ အတွေ့အကြုံရှိသူများသည် ရွေးကောက်ပွဲတွင် အနိုင်ရရှိရန်မလိုအပ်ဘဲ ဝန်ကြီးအဖြစ် တာဝန်ထမ်းရွက်ခွင့် ရရှိနိုင်သည့် လမ်းကြောင်းတစ်ခု ဖြစ်ပေါ်စေမည်ဖြစ်သည်။ သို့ရာတွင်အဆိုပါလမ်းကြောင်းသည်ရွေးကောက်ပွဲမှအနိုင်ရရှိထားသည့်လွှတ်တော်ကိုယ်စားလှယ်များအနက်မှ ဝန်ကြီးများတင်မြှောက်ခြင်းမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ယုတ်လျော့စေနိုင်ပါသည်။ ဝန်ကြီးအဖြစ်တင်မြှောက်ရန် ခန့်အပ်ခံရသူများသည် လူထုမှထောက်ခံသည့် တရားဝင်ဖြစ်မှုအကျိုးကျေးဇူးကိုခံစားရမည် မဟုတ်ချေ။

- မလေးရှားနိုင်ငံတွင် ဝန်ကြီးချုပ်ကို အောက်လွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ်များအနက်မှရွေးကောက် တင်မြှောက်ရပါသည်။ သို့သော် အခြားဝန်ကြီးနေရာများအတွက်မူ အောက်လွှတ်တော် သို့မဟုတ် (ပြည်နယ်လွှတ်တော်များမှ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ် ၂၆ ဦးနှင့် ဝန်ကြီးချုပ်၏ အကြံပြုချက်ဖြင့် နိုင်ငံတော် အကြီးအကဲမှ ခန့်အပ်သည့် ၄၄ ဦးပါဝင်သည့်) အထက်လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များအနက်မှ ရွေးကောက်တင်မြှောက်ခွင့်ရှိသည်။
- ဘဟားမားနိုင်ငံတွင် အထက်လွှတ်တော်တစ်ရပ်လုံးအား တိုက်ရိုက်ခန့်အပ်ပြီး (အများစုမှာ ဝန်ကြီးချုပ်၏ အကြံပြုချက်ဖြင့်ဖြစ်ပြီး အနည်းစုမှာ အတိုက်အခံခေါင်းဆောင်၏ အကြံပြုချက်ဖြင့် ခန့်အပ်ခြင်း) ရှေ့နေချုပ်အပါအဝင် ဝန်ကြီး ၃ ဦးအထိ အထက်လွှတ်တော်မှ ခန့်အပ်နိုင်သည်။

## အကန့်အသတ်ဖြင့် ပြင်ပမှခန့်အပ်မှုများ

ဖွဲ့စည်းပုံအခြေခံဥပဒေအချို့တွင် ဝန်ကြီးအများစုကို လွှတ်တော်ကိုယ်စားလှယ်များအနက်မှ ခန့်အပ်သော်လည်း အချို့သောဝန်ကြီးများကို လွှတ်တော်ပြင်ပမှ ခန့်အပ်နိုင်ခွင့်ကိုလည်း ပေးအပ်ထားသည်။ ဤကဲ့သို့စီစဉ်ထားမှုမျိုးအား သာဓကအနေဖြင့် ပါလီမန်စနစ်ဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် သမ္မတစနစ်ဖြစ်သော ဂါနာနိုင်ငံတွင်တွေ့နိုင်သည်။ ပါလီမန်စနစ် ဥပမာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် သမ္မတစနစ် ဥပမာ ဂါနာနိုင်ငံတွင် တွေ့နိုင်သည်။

- ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးအရေအတွက်၏ ၁၀ ပုံ ၉ ပုံအား လွှတ်တော်တစ်ရပ် သာရှိသည့် ဥပဒေပြုအဖွဲ့၏ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအနက်မှ ရွေးချယ်ရမည်ဖြစ်ပြီး ၁၀ ပုံ ၁ ပုံကိုမူ လွှတ်တော်ပြင်ပမှ ရွေးချယ်နိုင်သည်။
- ဂါနာနိုင်ငံတွင် ဝန်ကြီးအများစုကို လွှတ်တော်ကိုယ်စားလှယ်များအနက်မှ ခန့်အပ်ရမည်ဖြစ်ပြီး ကျန်ရှိသည့်အနည်းစုကိုမူ လွှတ်တော်ပြင်ပမှ ခန့်အပ်နိုင်သည်။

အထက်ပါနည်းဥပဒေများသည် ဝန်ကြီးအချို့အား ၎င်းတို့၏အထူးကျွမ်းကျင်မှု စွမ်းရည်များ သို့မဟုတ် အတွေ့အကြုံတို့အပေါ် အခြေခံ၍ ရွေးချယ်ခွင့်ပြုထားပြီး ဝန်ကြီးအများစုကို လွှတ်တော်ကိုယ်စားလှယ်များအနက်မှ ရွေးချယ်ရမည့်မူ ဆက်လက်ထားရှိသည်။ ရှေ့နေချုပ်ရာထူးသည် အထူးကျွမ်းကျင်သည့် ဥပဒေဆိုင်ရာအရည်အချင်းများနှင့် အတွေ့အကြုံတို့လိုအပ်သည့်အတွက် ၎င်းအား လွှတ်တော်ပြင်ပမှ ခန့်အပ်နိုင်ရေးသည် အထူးသဖြင့် အကျိုးရှိနိုင်သည်။ အဆိုပါ ရှေ့နေချုပ်ရာထူးနေရာတွင် ခန့်ထားနိုင်ရန် အစိုးရဖွဲ့နိုင်သည့်ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များအနက်မှ တစ်ဦးတစ်လေမျှမရှိသည့် အခြေအနေမျိုး ဖြစ်ပေါ်နိုင်သည်။ ဖီဂျီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထိုပြဿနာမျိုးကို ရည်ညွှန်းထားသည့် အထူးနည်းဥပဒေတစ်ရပ်အရ အစိုးရဖွဲ့နိုင်သည့်ပါတီမှ သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်မရှိပါက ရှေ့နေချုပ်ရာထူးအား လွှတ်တော်ပြင်ပမှ ခန့်အပ်နိုင်စေသည်။

## လခစားအမှုထမ်းများမဲ (payroll vote) နှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များ

ဝန်ကြီးဌာနဆိုင်ရာ စုပေါင်းဝတ္တရား ဥပဒေများအရ ဝန်ကြီးအဖြစ် ခန့်အပ်ထားသည့် (အစိုးရလခစားသော) လွှတ်တော်ကိုယ်စားလှယ်များသည် အမြဲတစေအစိုးရအတွက် မဲပေးသည်ဟု ယူဆသောကြောင့် “ လခစားအမှုထမ်းမဲ (payroll vote)” ဟူသည့် စကားရပ်သည် ထိုလွှတ်တော်ကိုယ်စားလှယ်များကို ရည်ညွှန်းသည်။

ကောင်းစွာလည်ပတ်လျက်ရှိသည့် ပါလီမန်စနစ်တစ်ခုတွင် အစိုးရဖွဲ့နိုင်သည့်ပါတီဝင် သို့မဟုတ် ညွန့်ပေါင်းအစိုးရဖွဲ့နိုင်သည့် ပါတီဝင်များဖြစ်ပြီးကြသော ဝန်ကြီးအဖြစ်ခန့်အပ်ခြင်း မခံရသည့် (ပုံမှန်အားဖြင့်အစိုးရအားထောက်ခံသော်လည်းအစိုးရအဖွဲ့ဝင်များမဟုတ်သော)လွှတ်တော်ကိုယ်စားလှယ်များသည် အပြန်အလှန်ထိန်းကျောင်း၊ စောင့်ကြည့်ရေးစနစ်၏ အဓိကကျသည့်နေရာတွင်ရှိသည်။ အစိုးရ၏ ဥပဒေဆိုင်ရာ အဆိုတင်သွင်းချက်များသည် လွှတ်တော်ကိုယ်စားလှယ်များ၏ မဲများဖြင့် အမြဲတစေ လုံးဝဥဿုံ ထောက်ခံမှုမရရှိနိုင်သောကြောင့် ထိုလွှတ်တော်ကိုယ်စားလှယ်များသည် အစိုးရ၏ဥပဒေဆိုင်ရာ အဆိုတင်သွင်းချက်များအား ထောက်ပြဝေဖန်ခြင်း၊ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်းနှင့် ပြင်ဆင်ခြင်းတို့ပြုလုပ်ရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြသည်။ သို့သော်လည်း လခစားအမှုထမ်းမဲ များပြားလွန်းပါက ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းမခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဩဇာသက်ရောက်မှုမှာ ဆုံးရှုံးသွားမည်ဖြစ်သည်။ ထို့ပြင် ဥပဒေပြုလွှတ်တော်သည် မှန်ကန်ထိရောက်၍ အမျှော်အမြင်ရှိသည့် လုပ်ပိုင်ခွင့်အာဏာ သို့မဟုတ် ဗီတိုအာဏာများမရှိသည့် အဆံမပါသော တရားဝင်လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုသက်သက်သာဖြစ်သည့် 'ရာဘာတံဆိပ်တုံး'တစ်ခုမျှသာဖြစ်သည့် ဥပဒေပြုလွှတ်တော် ဖြစ်လာသည်။

ဤနည်းအားဖြင့် ဥပဒေပြုရေး၏ လွတ်လပ်မှုကို ယိုင်နဲ့စေသည့် လခစားအမှုထမ်းမဲ အဆမတန်များပြားခြင်းကို တားဆီးရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအများအပြားတွင် ဝန်ကြီးများအရေအတွက် စုစုပေါင်းကို ကန့်သတ်ထားသည်။ အခြေခံမူအရ လွှတ်တော်ကိုယ်စားလှယ်များအနက်မှ ဝန်ကြီးများခန့်အပ်ရာတွင် တစ်ချိန်ထဲ၌ ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်သည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက် ကန့်သတ်ချက်တစ်ခုကို ကျော်လွန်ခြင်းမရှိစေရ။.

- အိန္ဒိယနိုင်ငံတွင် စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းထိ ကန့်သတ်ထားသည်။ အရွယ်အစားကြီးမားသည့် နိုင်ငံတော်အဆင့် လွှတ်တော်တစ်ရပ်အတွက် ဤအရေအတွက်သည် သင့်လျော်မှုရှိနိုင်သည်။
- ပိုမိုသေးငယ်သည့် လွှတ်တော်ရှိသော နိုင်ငံငယ်တစ်နိုင်ငံဖြစ်သော ဗန်နူဝါးတူးနိုင်ငံတွင် ဝန်ကြီးချုပ်အပါအဝင် ဝန်ကြီးများအရေအတွက်သည် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်၏ ၃ ပုံ ၁ ပုံထက် ကျော်လွန်ခြင်းမရှိရပေ။
- ဘလိစ်(Belize )နိုင်ငံတွင် အများစုအနိုင်ရပါတီမှ အောက်လွှတ်တော်အမတ်များ၏ ၃ ပုံ ၂ ပုံ ထက်မပိုသည့် အရေအတွက်ကိုသာ ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်သည့် ဥပဒေရှိပြီး အကယ်၍ လက်ရှိအချိန်တွင် အများစုအနိုင်ရပါတီသည် အောက်လွှတ်တော်အမတ် ၃၁ နေရာအနက် ၁၉ နေရာရရှိပါက ၎င်း ၁၉ ဦး အနက်မှ ၁၂ ဦးအား ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်သည်။

ဤကဲ့သို့ ဝန်ကြီးအရေအတွက်ကန့်သတ်ချက်မျိုးသည် ပါလီမန်စနစ်များတွင်သာ ကန့်သတ်ထားခြင်း မဟုတ်ပါ။ ဝန်ကြီးများကို လွှတ်တော်ကိုယ်စားလှယ်အဖြစ်ပါ ခွင့်ပြုထားသော သမ္မတစနစ်များတွင်လည်း အလားတူဥပဒေများကို အသုံးပြုသည်။ သမ္မတသည် လွှတ်တော်ကိုယ်စားလှယ်အများအပြားအား ဝန်ကြီးများအဖြစ် ခန့်အပ်၍ ဥပဒေပြုရေးမဏ္ဍိုင်၏ လွတ်လပ်မှုကို အားပျော့စေခြင်းမှ ကာကွယ်နိုင်စေမည်ဖြစ်သည်။ ဥပမာအားဖြင့် ဂါနာနိုင်ငံတွင် အများဆုံးအစိုးရအဖွဲ့ဝင်အရေအတွက်မှာ ၁၉ ဦးဖြစ်သည်။

## ပါတီစနစ်များနှင့် ပါတီစည်းကမ်း

အင်စတီကျူးရှင်းဆိုင်ရာဒီဇိုင်းပုံစံနှင့် စပ်လျဉ်း၍ ဆွေးနွေးအဖြေရှာကြသည့်အခါတိုင်း ပါတီစနစ်၏ သဘောသဘာဝနှင့် ပါတီစည်းကမ်းတင်းကျပ်မှုတို့အပေါ် များစွာမူတည်နေသည်။ ပါတီစည်းကမ်းကြီးသည့် ပါလီမန်စနစ်တစ်ခုတွင် လွှတ်တော်ကိုယ်စားလှယ်များအနက်မှ ဝန်ကြီးများခန့်အပ်ခြင်းသည် အစိုးရအကြီးအကဲတို့တွင်ရှိသည့် အထိန်းအကွပ်တစ်ခုကို လျော့ကျသွားစေလိမ့်မည်။ ဝန်ကြီးများအဖြစ် ခန့်အပ်ခြင်းခံရသည်ဖြစ်စေ မခန့်အပ်သည်ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်များသည် တစ်ပြေးညီလက်ခံဆောင်ရွက်ကြပြီး ပါတီဦးဆောင်မှုကို ထောက်ခံကြလိမ့်မည်။ ပါတီ

စည်းကမ်းလျော့ရဲပါက ခေါင်းဆောင်များအနေဖြင့် မည်သူ့အားချန်လှပ်ထားမည်ကို ပို၍ဂရုပြုရမည်။ သမ္မတစနစ်တစ်ခုတွင် သမ္မတသည် ဥပဒေပြုလွှတ်တော်၌ အများစုအနိုင်ရသည့် ပါတီ၏ခေါင်းဆောင်အဖြစ်ရှိနေသ၍ တူညီသည့်အရွေ့အပြောင်းတစ်ခု ဖြစ်ပေါ်လာမည်။ တစ်နည်းအားဖြင့် ပါတီစည်းကမ်းကြီးခြင်းသည် သမ္မတသြဇာကြီးမားခြင်းကို ဆိုလိုသည်။ သမ္မတသည် အများစုအနိုင်ရသည့်ပါတီ၏ ခေါင်းဆောင်မဟုတ်ပါက ဆန့်ကျင်ဘက်ပြဿနာတစ်ရပ်ဖြစ်လာလိမ့်မည်– ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များအနက်မှ ဝန်ကြီးများခန့်အပ်ရလျှင် သမ္မတသည် ခန့်အပ်ခွင့်အာဏာကို ရွေးချယ်အသုံးပြုနိုင်၍ အင်အားနည်းသည့်ပါတီများ (ပါတီငယ်များ များပြားလွန်းခြင်း) အပေါ် အခွင့်ကောင်းယူကာ ရွေးချယ်ခန့်အပ်ခြင်းဖြင့် အတိုက်အခံကိုဖြိုခွင်းခြင်း၊ ထောက်ခံမှုများကို စုစည်းရယူခြင်းနှင့် သမ္မတလိုလားသူ ညွန့်ပေါင်းအဖွဲ့တစ်ခု ထူထောင်ခြင်းတို့ လုပ်ဆောင်နိုင်သည်။

### နိုင်ငံရေးလုပ်ဆောင်ခြင်းအလုပ် "နိုင်ငံရေးတွင်" ဆိုသည်မှာ အဘယ်နည်း။

လွှတ်တော်ကိုယ်စားလှယ်များကပင် ဝန်ကြီးများဖြစ်ကြသည့် နိုင်ငံများတွင် နိုင်ငံရေးသမားများအတွက် 'လုပ်ငန်းလမ်းကြောင်း' တစ်ခုသာလျှင် ရှိလေ့ရှိသည်။ ပထမဦးစွာ နိုင်ငံရေးသမားများသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်လာပြီး ထို့နောက်တွင် အငယ်တန်းဝန်ကြီး (ဒုဝန်ကြီး) တစ်ဦးအဖြစ်မှ စတင်ကာ အစိုးရအဖွဲ့(Cabinet)တွင် ဝန်ကြီးရာထူးရနိုင်သည်အထိ ဝန်ကြီးရာထူးအဆင့်ဆင့်ကို ဖြတ်သန်း၍ လုပ်ကိုင်ဆောင်ရွက်ရသည်။ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ကျွမ်းကျင်တတ်မြောက်အောင်လုပ်ဆောင်၍ အရေးတကြီးရွေးချယ်ဖွဲ့စည်းလိုက်သည့် ကော်မတီတစ်ခု၏ ဥက္ကဋ္ဌ ဖြစ်လာခြင်းတို့ကဲ့သို့သော နိုင်ငံရေးရာထူး တိုးတက်စေရန် အခြားလမ်းသွယ်များ တစ်ခါတစ်ရံရှိသော်လည်း ရည်မှန်းချက်ကြီးမားသူများအတွက် ပုံမှန်လမ်းကြောင်းတစ်ခုမှာ ဝန်ကြီးဌာနဆိုင်ရာလမ်းကြောင်းဖြစ်သည်။

ဖက်ဒရယ်စနစ်များတွင် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များနှင့် ပြည်ထောင်စုလွှတ်တော်တို့မှတဆင့် ပြည်ထောင်စု၊ ပြည်နယ်၊ တိုင်းဒေသကြီး အဆင့် 'လုပ်ငန်းလမ်းကြောင်းများ' တန်းတူရှိလေ့ရှိသည်။ ဥပမာ– အိန္ဒိယနိုင်ငံ၏ပြည်နယ်တစ်ခုမှ ဝန်ကြီးချုပ်ဟောင်းတစ်ဦးဖြစ်သူ နာရင်ဒရာ မိုဒီ (Narendra Modi) သည် အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

အခြားတစ်ဖက်တွင်မူ လွှတ်တော်ပြင်ပမှ ဝန်ကြီးများရွေးချယ်ခန့်ထားသည့် နိုင်ငံများတွင် လုပ်ငန်းလမ်းကြောင်း အမျိုးမျိုးရှိသည်။ နိုင်ငံရေးသမားတစ်ယောက်ဟူသည့် ခေါင်းစဉ်တပ်၍ လုပ်ကိုင်ဆောင်ရွက်ဖူးခြင်း မရှိသူတစ်ဦးသည်လည်း ဝန်ကြီးတစ်ဦးဖြစ်လာနိုင်ပြီး ဝန်ကြီးနှင့် နိုင်ငံ့ဝန်ထမ်း၊ စီးပွားရေး သို့မဟုတ် အခြားလုပ်ငန်းနယ်ပယ်များကြား ကူးပြောင်းလုပ်ဆောင်နေနိုင်သည်။ တစ်ချိန်တည်းမှာပင် ဥပဒေပြု လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခြင်းသည်ကပင် နိုင်ငံရေးလုပ်ငန်းလမ်းကြောင်းတစ်ခုကို ပံ့ပိုးပေးသည်။ ဥပမာ အစိုးရအဖွဲ့ဝင်တစ်ဦးအဖြစ် မှတ်တမ်းဝင်ချင်သည့်အတွက် အမေရိကန်အထက်လွှတ်တော် အမတ်နေရာအား စွန့်လွှတ်မည့်သူ အလွန်နည်းသည်။ အဆိုပါမတူညီသည့် အလုပ်အကိုင်လမ်းကြောင်းများတွင် လေးနက်သည့် အကြံပြုလမ်းညွှန်ချက်များပါဝင်သည်။ ဝန်ကြီးဖြစ်လာနိုင်ဖွယ်ရှိသူများအတွက် တာဝန်ထမ်းဆောင်ရာတွင် ၎င်းတို့၏ ကျွမ်းကျင်ပိုင်နိုင်မှုအစုစု၊ အချိန်အသုံးချပုံနှင့် လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုထားသည့် လုပ်ပိုင်ခွင့်၊ ခံစားခွင့်အရပ်ရပ်တို့ ပါဝင်သည်။

## ၆။ မြန်မာနိုင်ငံအတွက် ထင်ဟပ်မှုများ

### လွတ်လပ်သော လွှတ်တော်စနစ်

'လွတ်လပ်သော လွှတ်တော်စနစ်' တွင် အုပ်ချုပ်ရေးအာဏာသည် ဥပဒေပြုလွှတ်တော်က ရွေးကောက်တင်မြှောက်လိုက်သည့် သမ္မတထံတွင် တည်သော်လည်း ဥပဒေပြုလွှတ်တော်အား နိုင်ငံရေးအရ တာဝန်ခံရန်မလိုပါ။ လွတ်လပ်သော လွှတ်တော် စနစ်တစ်ခု၌ အုပ်ချုပ်ရေးအခြေခံမူတွင် ဥပဒေပြုလွှတ်တော်က တင်မြှောက်လိုက်သည့် သမ္မတသည် လွှတ်တော်၏ဆုံးဖြတ်ချက်ကို လက်ခံရမည်ဖြစ်ပြီး လွှတ်တော်၏အကျိုးအကြောင်းသင့်သည့် ထောက်ခံမှုလိုအပ်သည်။ သို့သော်လည်း

**လွတ်လပ်သော လွှတ်တော်စနစ်တစ်ခု၌ အုပ်ချုပ်ရေးအခြေခံမှုတွင် ဥပဒေပြုလွှတ်တော်က တင်မြှောက်လိုက်သည့် သမ္မတသည် လွှတ်တော်၏ ဆုံးဖြတ်ချက်ကိုလက်ခံရမည်ဖြစ်ပြီး လွှတ်တော်၏ အကျိုးအကြောင်းသင့်သည့် ထောက်ခံမှုလိုအပ်သည်။ သို့သော်လည်း ဥပဒေပြုရေးအရ ထောက်ခံမှုအပေါ် မူတည်ခြင်းမရှိပါ။**

ဥပဒေပြုရေးအရ ထောက်ခံမှုအပေါ် မူတည်ခြင်းမရှိပါ။ သမ္မတစနစ်တစ်ခုတွင် တွေ့ရသည့် အလား သဏ္ဍာန်တူလုပ်ပိုင်ခွင့်အာဏာများ ခွဲဝေသတ်မှတ်ခြင်းကို ထည့်သွင်းပေးထားသည်။ သို့သော်လည်း သမ္မတအားတိုက်ရိုက်တင်မြှောက်ခြင်းမရှိ၊ အစိုးရအဖွဲ့ ကွဲထွက်သည့် အန္တရာယ်မရှိပါ။

မြန်မာ့လွတ်လပ်သော လွှတ်တော်စနစ်တွင် တွေ့ရခဲ့သည့် ထပ်ဆောင်းလက္ခဏာ ၃ ရပ် ရှိပါသည်။ ပထမလက္ခဏာတစ်ရပ်ဖြစ်သော သမ္မတရွေးကောက်တင်မြှောက်သည့် ပုံသဏ္ဍာန်မှာ ထူးခြားသည်။ ဆန်ခါတင်ရွေးချယ်ထားသည့် သမ္မတလောင်း ၃ ဦးအနက်မှ သမ္မတအဖြစ် တစ်ဦးအား လွှတ်တော်မှ ရွေးကောက်တင်မြှောက်သည်။ အမျိုးသားလွှတ်တော်မှ ရွေးချယ်လိုက်သည့် သမ္မတလောင်း ၁ ဦး၊ ပြည်သူ့လွှတ်တော်မှ ရွေးချယ်လိုက်သည့် သမ္မတလောင်း ၁ ဦးနှင့် တပ်မတော်သားကိုယ်စားလှယ်များမှ ရွေးချယ်လိုက်သည့် သမ္မတလောင်း ၁ ဦးတို့ ဖြစ်သည်။ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းမခံရသည့် အမည်စာရင်းတင်သွင်းခံရသူ သမ္မတလောင်း ၂ ဦးသည် ဒုတိယသမ္မတများ ဖြစ်လာကြသည်။ ဒုတိယလက္ခဏာတစ်ရပ်မှာ ၂၀၁၅ ခုနှစ်တွင် ထွက်ပေါ်လာခဲ့သည့် အဓိကကျသော (ဖွဲ့စည်းပုံအခြေခံဥပဒေအရ မဟုတ်သော်လည်း) နိုင်ငံရေးဆိုင်ရာဝတ္တရားများ ရယူထားသည့်'နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်' ရာထူးနေရာ တည်ဆောက်ခြင်းတွင် မည်သူ့အား ရွေးကောက်တင်မြှောက်နိုင်သည်ဆိုသည့် အချက်ဖြစ်သည်။ တတိယအချက်မှာ ကာကွယ်ရေး၊ပြည်ထဲရေးနှင့်နယ်စပ်ရေးရာတာဝန်ယူရမည့်ဝန်ကြီးများကိုတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အမည်စာရင်းတင်သွင်းချက်အရ ရွေးချယ်ခန့်အပ်ရမည်။ အခြားနိုင်ငံများ၌ သမ္မတထံတွင်သာ အမြဲတမ်းအာဏာတည်သော လုံခြုံရေးနှင့် အရေးပေါ်အခြေအနေဆိုင်ရာ အာဏာများနှင့် ဆက်စပ်လျက်ရှိသော အာဏာများလည်း မြန်မာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တွင် ရှိသည်။ တရားဝင်လုပ်ပိုင်ခွင့်အာဏာများနှင့် ဒီမိုကရေစီတရားဝင်မှုတို့အရ အနှစ်ချုပ်လိုက်ပါက သမ္မတရာထူးသည် အတော်လေးပင် အားအင်လျော့နည်းသည်။

မြန်မာနိုင်ငံ၏၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂တွင်'လွှတ်တော်ကိုယ်စားလှယ်များထဲက' သို့မဟုတ် 'လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲက' (သို့သော် ပြည်သူ့လွှတ်တော်၊ အောက်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသူ) ရွေးချယ်၍ ပြည်ထောင်စုဝန်ကြီးများအဖြစ် ရွေးချယ်ရမည်ဟု ဖော်ပြထားသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဝန်ကြီးအဖြစ် ခန့်အပ်ခံရပါက ၎င်း၏လွှတ်တော်ကိုယ်စားလှယ်နေရာသည် လစ်လပ်သွားမည်ဖြစ်ပြီး ကြားဖြတ်ရွေးကောက်ပွဲတစ်ခု ကျင်းပရမည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ဝန်ကြီးခန့်အပ်မှုဆိုင်ရာဥပဒေများသည် သမ္မတစနစ်များတွင် တွေ့ရများသည့် ဥပဒေများနှင့် အများဆုံးဆင်တူသည်။ လွှတ်တော်သည် ဝန်ကြီးခန့်အပ်မှုများကို အတည်ပြုရန် မဲပေးရသော်လည်း ၎င်း၏နိုင်ငံရေးအာဏာမှာ အကန့်အသတ်ရှိပြီး ဝန်ကြီးအဖြစ်ခန့်အပ်ရန် အလားအလာရှိသူသည် အရည်အချင်းနှင့် မပြည့်စုံကြောင်းအထင်အရှားပြနိုင်မှသာ ခန့်အပ်တာဝန်ပေးရန်ငြင်းပယ်နိုင်သည်။

အနာဂတ်တွင် မြန်မာနိုင်ငံသည် ပါလီမန်၏အယုံအကြည်ရှိမှုအပေါ် အခြေခံ၍ ဝန်ကြီးများအား ရွေးချယ်သည့် ပါလီမန်စနစ်ဆီသို့ တိုးတက်လာပါက အယုံအကြည်မရှိကြောင်း မဲခွဲဆုံးဖြတ်၍ ဝန်ကြီးများအား တာဝန်မှရပ်စဲနိုင်ခွင့်နှင့် လွှတ်တော်အား ဖျက်သိမ်းနိုင်ဖွယ်ရှိသည့် ဥပဒေနှင့် အချို့သောအခြေအနေများတွင် ရွေးကောက်ပွဲအသစ်များ ကျင်းပရန် အဆိုပြုခြင်းတောင်းဆိုခြင်းတို့ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအား အပြောင်းအလဲများစွာလုပ်ရန် လိုအပ်ပေလိမ့်မည်။ ထိုကဲ့သို့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတစ်ခုတွင် ဝန်ကြီးများကို ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များထဲမှ ခန့်အပ်ရန်နှင့်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်း ဆက်လက်ရှိခြင်းကဲ့သို့သော ဝန်ကြီးခန့်အပ်ခြင်းဥပဒေများ ပြောင်းလဲရန်လည်း သင့်လျော်သလို တစ်ပါတည်းဆောင်ရွက်ရမည်။ ဝန်ကြီးများကို ရွေးကောက်ခံလွှတ်တော်ကိုယ်စား လှယ်များထဲမှ ခန့်အပ်ရန်နှင့် ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် လွှတ်တော်ကိုယ်စားလှယ် အဖြစ်လည်း ဆက်လက်ရှိနေရမည်။ ဤပေါင်းစပ်မှုသည် ပါလီမန်စနစ်များအားလုံးတွင် မကျင့်သုံးသော်လည်း ဥပဒေပြုရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်တို့၏ အပြန်အလှန်မှီခိုမှုကို မီးမောင်းထိုးပြပြီး ပါလီမန်ဒီမိုကရေစီစနစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ကူညီပေးသည်။

> တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များအား (သို့မဟုတ် ရွေးကောက်ခံ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအား) ဝန်ကြီးချုပ် ရွေးကောက်တင်မြှောက်ခွင့်ပေးအပ်ခြင်းသည် ဥပဒေပြုရေးမဏ္ဍိုင် အားကောင်းခိုင်မာစေပြီး တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ နိုင်ငံရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု ပို၍လျှော့ချပေးသည့်ရလဒ် ဖြစ်ပေါ်စေသည်။

မြန်မာနိုင်ငံသည် သမ္မတစနစ်ဆီသို့ ဦးတည်မည်ဆိုပါက သမ္မတရွေးကောက်တင်မြှောက်သည့်ဥပဒေများ (သမ္မတအား တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းကို ခွင့်ပြုရန်) ကို အဓိကထား ပြင်ဆင်ခြင်းဖြင့် အောင်မြင်မှုရရှိနိုင်သည်။ ဤသို့ဆိုပါက ဝန်ကြီးများ (အနည်းဆုံးအနေဖြင့် အရပ်သားဝန်ကြီးများ) သည် ၎င်းတို့၏ ဒီမိုကရက်တစ်တရားဝင်မှုကို လွှတ်တော်မှမဟုတ်ဘဲ ရွေးကောက်ခံ သမ္မတထံမှ ရရှိသည့်အတွက် လက်ရှိဝန်ကြီးခန့်အပ်ခြင်းဆိုင်ရာ ဥပဒေများသည် လုံလောက်သည့် အခြေအနေဖြစ်သည်။

## တိုင်းဒေသကြီးများနှင့် ပြည်နယ်များ

တိုင်းဒေသကြီးများနှင့် ပြည်နယ်များအဆင့်တွင် မြန်မာ့အစိုးရစနစ်သည် 'လွှတ်လပ်သော လွှတ်တော်စနစ်' အစစ်မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များသည် ၎င်းတို့၏တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ဝန်ကြီးချုပ်များကို ရွေးချယ်ရာတွင် တိုက်ရိုက် သို့မဟုတ် အရေးပါသည့် အခန်းကဏ္ဍတွင်မရှိပေ၊ ဝန်ကြီးချုပ်၏အာဏာသည် ၎င်းအား ခန့်အပ်သည့် သမ္မတထံတွင်သာ အခြေခံသည်။ ထို့ကြောင့် အစိုးရ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်စနစ်များ ပြုပြင်ပြောင်းလဲရာတွင် အပိုင်း ၂ ပိုင်းရှိသည်၊ တစ်ပိုင်းမှာ ဥပဒေပြုရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်တို့ကြား လုပ်ပိုင်ခွင့်အာဏာများ ချိန်ညှိခြင်းနှင့်သက်ဆိုင်ပြီး၊ နောက်တစ်ပိုင်းမှာ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ကြား လုပ်ပိုင်ခွင့်အာဏာများ ချိန်ညှိခြင်းနှင့် ချိတ်ဆက်နေသည်။ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအား (သို့မဟုတ် ရွေးကောက်ခံ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား) ဝန်ကြီးချုပ် ရွေးကောက်တင်မြှောက်ခွင့်ပေးအပ်ခြင်းသည် ဥပဒေပြုရေးမဏ္ဍိုင် အားကောင်းခိုင်မာစေပြီး တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ နိုင်ငံရေးဆိုင်ရာဗဟိုချုပ်ကိုင်မှု ပို၍လျှော့ချပေးသည့်ရလဒ် ဖြစ်ပေါ်စေသည်။

သို့သော်လည်း ပြည်ထောင်စုအဆင့်တွင် ကျင့်သုံးသော တူညီသည့်အခြေခံမူများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်တွင်လည်း ကျင့်သုံးနိုင်သည်။ ဒီမိုကရေစီ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် ဒီမိုကရေစီ လုပ်ပိုင်ခွင့်အာဏာများခွဲဝေမှု သမ္မတစနစ်ပုံစံသို့ ပြောင်းလဲလိုပါက တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများသည် လွှတ်တော်ကိုယ်စားလှယ်များအဖြစ်ပါ တစ်ပြိုင်နက်တည်းမဆောင်ရွက်ခြင်းသည် သမ္မတစနစ် အခြေခံမူများနှင့် သမ္မတဆိုင်ရာ ဒီမိုကရေစီစနစ်အများစု၏ ပုံမှန်ကျင့်ထုံးများနှင့် ကိုက်ညီပေလိမ့်မည်။

သို့သော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် ပါလီမန်ပုံစံဒီမိုကရေစီသို့ ဦးတည်ဆောင်ရွက်လိုပါက တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်မှ ခန့်အပ်ရန်သာမက ဝန်ကြီးများအဖြစ်ထမ်းဆောင်နေစဉ် လွှတ်တော်ကိုယ်စားလှယ်အဖြစ်ပါ ထမ်းရွက်နိုင်စေခြင်းသည် ပါလီမန်အခြေခံမူများနှင့် ကျင့်သုံးဆောင်ရွက်မှုတို့ဖြင့် ကိုက်ညီမှုအရှိဆုံးဖြစ်ပေလိမ့်မည်။ ဝန်ကြီးများသည် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဆက်လက်ထမ်းဆောင်ရန် မလိုသည့် ပါလီမန်စနစ်များ (အထက်တွင် ဆွေးနွေးခဲ့သည့် ဥရောပတိုက်မှ ဥပမာများကဲ့သို့) ရှိသော်လည်း ၎င်းစနစ်များတွင် ကာလအဆက်ဆက် စွဲမြဲစွာထူထောင်ခဲ့သော ထူးခြားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ ထုံးတမ်းများရှိသည်။ ပါလီမန်စနစ်ကို စတင်ကျင့်သုံးခါစ နိုင်ငံတစ်နိုင်ငံတွင် ဝန်ကြီးများသည် လွှတ်တော်ကိုယ်စားလှယ်များအဖြစ်ပါ ဆက်လက်ရှိနေခြင်းသည် အစိုးရ၏ ပါလီမန်စနစ်မှ မှီခိုနေသည့် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့ကြား ရင်းနှီး၍ သဟဇာတဖြစ်သော ဆက်ဆံရေးကို ခိုင်မာအမြစ်တွယ်စေသည်။

ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ ရွေးချယ်ခန့်အပ်ရာတွင် မည်သည့်နည်းလမ်းကို ရွေးချယ်သည်ဖြစ်စေ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များသည် ဝန်ကြီးချုပ်၏ လက်အောက်ခံ အဖွဲ့အစည်းများအဖြစ်မဟုတ်ဘဲ၊ အစိုးရအဖွဲ့အတွင်း အဆင့်အတန်းတူမိတ်ဖက်များအဖြစ် ၎င်းတို့၏ ကိုယ်ပိုင်လုပ်ဆောင်ချက်များနှင့် အခန်းကဏ္ဍများကို တိုးတက်ဆောင်ရွက်ရန်မှာ အရေးကြီးသည်။

နောက်ဆုံးအချက်မှာ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်များတွင် တူညီသည့် အစိုးရစနစ်ရှိရန် မဖြစ်မနေ လိုအပ်ခြင်းမဟုတ်ပေ။ ဥပမာ နိုင်ငံတစ်နိုင်ငံသည် နိုင်ငံတော်အဆင့်တွင် သမ္မတစနစ်ဒီမိုကရေစီ ထားရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် ပါလီမန်စနစ်ထားရှိရန် ဆုံးဖြတ်နိုင်သည်။ ဖိလစ်ပိုင်နိုင်ငံသည် အဆိုပါနည်းလမ်းကို အသုံးပြုရန် မကြာသေးမီကပင် ဆုံးဖြတ်ခဲ့သည်။

## ကိုးကားချက်များ


Bagehot, W., *အင်္ဂလိပ်ဖွဲ့စည်းပုံအခြေခံဥပဒေ* (လန်ဒန်: Chapman & Hall, ၁၈၆၇)

Böckenförde, M., Hedling, N. and Wahiu, W., *ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း လက်တွေ့လမ်းညွှန်ချက်* (စတော့ဟုမ်း: International IDEA, ၂၀၁၁)

Bulmer, W. E., *သမ္မတနှင့် စပ်လျဉ်းသည့် ဥပဒေပြုရေးအာဏာများ* (ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းစာစဉ် နံပါတ် ၁၅) (စတော့ဟုမ်း: International IDEA, ၂၀၁၇)

Carey, J. M. and Shugart, M. S., *သမ္မတများနှင့် လွှတ်တော်အစည်းအဝေးများ – ဖွဲ့စည်းပုံအခြေခံဥပဒေဒီဇိုင်းပုံစံနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်ပုံများ* (ကိန်းဘရစ်ချ်: Cambridge University Press, ၁၉၉၂)

Lijphart, A. (ed.), *ပါလီမန်စနစ်အစိုးရနှင့် သမ္မတစနစ်အစိုးရ* (အောက်စဖို့တ်: Oxford University Press, ၁၉၉၂)

Sartori, G., *နှိုင်းယှဉ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ အသုံးချပညာ– ဖွဲ့စည်းတည်ဆောက်ပုံများ၊ ခံစားခွင့်များနှင့် ရလဒ်များရှာဖွေခြင်း၊* ဒုတိယအကြိမ် ပြင်ဆင်ထုတ်ဝေခြင်း (နယူးယောက်: New York University Press, ၁၉၉၇)

Yong, B. and Hazell, R., *ဝံပုလွေများကြား ဆိတ်အုပ်ထည့်သွင်းခြင်း – လွှတ်တော်ပြင်ပမှ ဝန်ကြီးများခန့်ထားခြင်း* (လန်ဒန်: University College London, ၂၀၁၁)


### ရှင်းလင်းချက်


Internation IDEA ၏ ပုံနှိပ်ထုတ်ဝေသော စာတမ်းများသည် မည်သည့်အမျိုးသားရေးနှင့် နိုင်ငံရေး ရည်ရွယ်ချက်များ လုံးဝမပါဝင်ဘဲ ထုတ်ဝေသော စာစောင်များဖြစ်သည်။ ဤစာစောင်တွင် ဖော်ကျူးထားသော အမြင်ရှုထောင့် များသည် International IDEA ၏ ရှုထောင့်ကို သော်လည်းကောင်း၊ IDEA ၏ ဘုတ်အဖွဲ့ဝင်များ၏ ရှုထောင့်ကိုသော်လည်းကောင်း ကိုယ်စားမပြုပါ။ ဤစာစောင်အတွင်းတွင် နိုင်ငံများ၊ နယ်ပယ်ဒေသ၏ နာမည်များကို ရည်ညွှန်းထားခြင်းသည် ထိုနိုင်ငံများ၊ ဒေသများ ၏ ဥပဒေဆိုင်ရာ နည်းစနစ်များ၊ ပေါ်လစီများ အပေါ်ရှိ IDEA ၏ တရားဝင် အမြင်ရှုထောင့်အား ကိုယ်စားပြုခြင်း မရှိပါ။ ဤ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ပတ်သက်သော စာစောင်အတွင်းတွင် ဖော်ပြထားသည့် အမြင် ရှုထောင့်များသည် ပံ့ပိုးကူညီသော နိုင်ငံများ၏ အမြင်ရှုထောင့်ကို သော်လည်းကောင်း ကိုယ်စားပြုခြင်း မရှိပါ။


### စာမူ


ဤစာစောင်၏ အီလက်ထရွန်းနစ် ပုံစံသည် Creative Commons AttributionNonCommercial-ShareAlike 3.0 (CC BY-NC-SA 3.0) licence အောက်တွင် မှတ်ပုံတင်ပြီး ဖြစ်သည်။ ဤစာစောင်အား စီးပွားဖြစ် ဖြန့်ဝေခြင်းမှအပ အထက်ပါလိုင်စင်အောက်၌ စိတ်ကြိုက် ကူးယူ ဖြန့်ဝေခွင့်ရှိသည်။
ပိုမိုသိရှိလိုပါက Creative Commons ဝက်ဆိုဒ်သို့ သွားရောက် ကြည့်ရှုနိုင်ပါသည်။
http://creativecommons.org/licenses/ by-nc-sa/3.0/

@ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့ ၂၀၂၀ ခုနှစ် မူပိုင်ဖြစ်သည်။


### ဆက်သွယ်ရန်


အင်တာနေရှင်နယ် အိုင်ဒီယာ
စတွန်းစ်ဘောဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် - +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - www.idea.int

International IDEA မြန်မာနိုင်ငံအခြေစိုက်ရုံး
၆၈(ဘီ)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်၊ မြန်မာနိုင်ငံ။
Email: info-myanmar@idea.int
my.constitution@idea.int
Tel: +95 9 263 128104

www.idea.int


### မှတ်တမ်းတင် အသိအမှတ်ပြုလွှာ


ဤစာတမ်းတို ရေးသားထုတ်ဝေခြင်းကို လူဇင်ဘာ့ခ်နိုင်ငံအစိုးရ၊ ဆွီဒင်နိုင်ငံအစိုးရ၊ နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ပံ့ပိုးထောက်ပံ့သည်။

Norwegian Embassy
GRAND DUCHY OF LUXEMBOURG
Ministry for Foreign Affairs of Finland
Sweden Sverige